မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၂ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီ မိနစ် ၄၀တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညီ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၃ ကော်လံ ၁ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် အဖွဲ့ဝင်များ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညီ့ခန်းမ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၂၂ ရက်)

ကျန်းမာကြံ့ခိုင်သော သားကောင်းရတနာများ ပြုစုပျိုးထောင်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်နှင့်အညီ နိုင်ငံတော်က ပြည်သူ့ကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်တိုးတက်မှုရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ကျောက်ရောဂါပပျောက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပိုလီယိုရောဂါကင်းစင်သည့်နိုင်ငံအဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အနာကြီးရောဂါကင်းစင်သော နိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါ လျော့နည်းပပျောက်သောနိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုကြေညာနိုင်ခဲ့ခြင်းစသည့် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် လူတိုင်း သက်တမ်းစေ့အသက်ရှင်နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး ရည်မှန်းပြီး ကျေးလက်ဒေသများအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါကလည်း ထိရောက်စွာ ကုသမှုပေးခြင်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးအသွင်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိရာ အသက်အုပ်စု(၁၅)နှစ်မှ (၄၉)နှစ်အကြား အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါဖြစ်ပွားမှုနှုန်းမှာ ၂၀၀၇ ခုနှစ်တွင် ၀ ဒသမ ၆၇ ရာခိုင်နှုန်းရှိရာမှ ၂၀၀၉ခုနှစ်၌ ၀ ဒသမ ၆၁ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာမှာ ထောင်စုနှစ် ရည်မှန်းချက်ပြည့်မီရေးအတွက် မိခင်နှင့်ကလေးသေနှုန်း ကျဆင်းရေးကိုလည်း အလေးထားကြိုးပမ်းဖော်ဆောင်ခဲ့ရာ ကျေးလက်ဒေသများအရောက် ပညာပေးစည်းရုံး ဆောင်ရွက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကိုတည်ဆောက်ရာ၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အဓိက ကျလျက်ရှိရာ ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သော သားကောင်းရတနာများကိုပြုစုပျိုးထောင်နိုင်သည်နှင့်အမျှ အနာဂတ်နိုင်ငံတော် အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများကို အပြည့်အဝ ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် သစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၂၁

တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာ၌ ဇွန် ၁၁ရက် နံနက်ပိုင်းက သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီးနောက် ပျိုးပင်များပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံယူကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြပြီးနောက် သစ်တောသုတေသနစခန်း ပျိုးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဇွန် ၁၂ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ပန်းချီ၊ ပိုစတာပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်နေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အင်းစိန်မြို့နယ်၌ ဟောပြော

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရွာမအနောက်ရပ်ကွက် မင်းစေတီ စာကြည့်တိုက်ကော်မတီတို့ ပူးပေါင်း၍ ကြီးမှူးကျင်းပသော မိုးလေဝသ နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၁၃ရက် မွန်းတည့် ၁၂နာရီက ရွာမ အနောက်ရပ်ကွက် မင်းစေတီဘုရားဓမ္မာရုံ၌ ကျင်းပရာ အင်းစိန်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ များ တက်ရောက်ကြသည်။

ကြည့်ရှု

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး ဟောပြောပွဲတွင် မိုးလေဝသနှင့် ဇလဗေဒ

ညွှန်ကြားမှုဦးစီးဌာနမှ အငြိမ်းစား ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာဦးထွန်းလွင် **(အပေါ်ပုံ)**က လက်ရှိ မြန်မာနိုင်ငံ ရာသီ ဉတုအခြေအနေနှင့် သဘာဝဘေးအန္တရာယ် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်းနှင့် ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူ များက သဘာဝဘေးအန္တရာယ်ကာကွယ် ရေးဆိုင်ရာ ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်များကို ကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

Google Earth with GIS သင်တန်းများ ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇွန် ၂၁

ယနေ့နည်းပညာခေတ်တွင် Google Earth ကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြသည့် နည်းပညာနှင့်ဆက်စပ်လုပ်ကိုင်နေကြသော အဖွဲ့အစည်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းများ၊ မြေအောက်သယံဇာတ ရှာဖွေတူးဖော်မှုလုပ်ငန်းများ၊ ပထဝီသတင်း အချက်အလက်များအပေါ် အခြေပြုပြီး လုပ်ကိုင်ကြရသော လုပ်ငန်းများသည် Google Earth နှင့် တွဲဖက်၍ GIS (Geographic Information System) ကို လက်တွေ့အသုံးချနိုင်ပါက လုပ်ငန်းပိုင်းဆိုင်ရာများတွင် များစွာ အကျိုးရှိလာမည်ဖြစ်ရာ ၎င်းနှင့်သက်ဆိုင်သည့် Google Earth With GIS သင်တန်းများကို ပို့ချမည်ဖြစ်သည်။

Google Earth သည် မြေပြင်အခြေအနေများကို ကောင်းကင်ဂြိုဟ်တု ဓာတ်ပုံများဖြင့် ရုပ်ကြွပုံဖော်ပေးထားသည်။ Operator တစ်ဦးသည် Google Earth ကို ပထဝီသတင်း အချက်အလက် စနစ်(GIS)နှင့် ပေါင်းစပ်ပြီး အသုံးပြုနိုင်ပါက မိမိတို့လုပ်ငန်းအတွက် များစွာ အကျိုးရှိသော အချက်အလက်များကို ရရှိနိုင်သည်။ ယခု ဖွင့်လှစ်မည့်သင်တန်းတွင် Google Earth ကို လုပ်ငန်းအတွက် အသုံးပြုပုံ၊ GIS ၏ သဘောတရားနှင့် မိတ်ဆက်၊ GIS ကို Google Earth နှင့် ချိတ်ဆက်အသုံးပြုပုံ၊ ရရှိနိုင်မည့် သတင်းအချက်အလက်များနှင့် ပြန်လည်အသုံးချနိုင်မှုများ၊ တွဲဖက်အသုံးပြုရမည့် GIS Application Software များ အကြောင်းတို့ကို စာတွေ့ လက်တွေ့ စုံလင်စွာ သင်ကြား ပို့ချပေးသွားမည် ဖြစ်သည်။ ဆက်လက်၍လည်း Intermediate နှင့် Advanced Level သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ်စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန်အတွက် Ocean Gate Training Centre အမှတ်၃၅၅ အခန်း ၂၀၆ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့် ရန်ကုန် ဖုန်း-၃၈၀၁၃၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

CEOစီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၁

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းကစီစဉ်ပြီး စာရေးဆရာကျော်ဝင်း ဆွေးနွေး ဟောပြောမည့် The World is Flat, but.... ခေါင်းစဉ်နှင့် ဟောပြောဆွေးနွေးပွဲကို ဇွန်၂၆ရက်တွင် ရန်ကုန်မြို့ Parkroyal Hotel ၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်း ဖုန်း-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃နှင့် ၅၀၇၃၈၅တို့သို့ ဆက်သွယ်နိုင် ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အမြင်ဉာဏ်ရှင်းကြပါစေ** တရားတော် ဆရာတော် အရှင်ပုညာနန္ဒ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၄)
- ၈:၃၀ Activities in the City (အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ)
- ၈:၅၀ **ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ** မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း(အပိုင်း-၁)
- ၉:၀၅ ဝင့်ကြွားအားမာန် **ကတိုက်** တမံ
- ၉:၁၀ ၎က်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာ ခိုင်ခိုင်ရှိန်)
- ၉:၄၀ Cartoon Show Time (Barbie in a Mermaid Tale)
- ၁၀:၂၀ အထက(၃)ကြည့်မြင်တိုင်၏ မြတ်ဆရာပူဇော်ပွဲ
- ၁၀:၄၀ ပွင့်ဖြူ၏လက်ဆောင်
- ၁၀:၄၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် [သုခစံအိမ်(မလိခအိမ်ရာ)]
- ၁၁:၁၅ **မျက်ရည်စက်များ ကင်းစေချင်** အကယ်ဒမီနေအောင်၊ အကယ်ဒမီချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၁:၅၅ Diploma Guide (အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း)
- ၁၂:၂၀ Say it in English
- ၁၂:၃၅ ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
- ၁၂:၄၀ ဧဒင်၏ရေကုထုံး
- ၁:၀၀ **အမြင်ဉာဏ်ရှင်းကြပါစေ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Romance Couple-1)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၄)
- ၄:၀၅ မိုးအလှပန်းချီ တေးကိုသီ
- ၄:၂၀ ဝင့်ကြွားအားမာန် **ကတိုက်** တမံ
- ၄:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Imperial Merit Education Centre ၏ Summer Package Programme သင်တန်းဆင်းပွဲ)
- ၄:၄၅ သီးနှံစိုက်ပျိုး အထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့
- ၄:၅၅ Activities in the City (အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ)
- ၅:၁၅ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း(အပိုင်း-၁)
- ၅:၃၀ Celebrity Style (ယုဇန)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Cartoon Show Time (Barbie in a mermaid Tale)
- ၆:၅၅ Fashion Music Festival (Romance Couple-1)
- ၇:၃၅ Diploma Guide (အနုပညာ ကွန်ပျူတာ ဒီပလိုမာသင်တန်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (SEOUL;Unlocking the Grid)
- ၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Imperial Merit Education Centre ၏ Summer Package Programme သင်တန်းဆင်းပွဲ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၄)
- ၁၀:၀၀ Sunday Talk
- ၁၀:၅၅ Celebrity Style (ယုဇန)
- ၁၁:၂၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခ ဒေါက်တာ ချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုံရွှေရည်၊ စိုးပြည့်သဇင်၊ဂျင်နီ)
- ၁၁:၄၀ Sports World
- ၁၂:၀၅ လက်ဖက်စိုက်တဲ့ရွာကလေး
- ၁၂:၁၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ ညနေ ၆နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲမသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။ ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာတို့ဖြင့် လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ပေးအပ်

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းအား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း တို့သည် ဖျော်ဖြေကြသောအနုပညာရှင်များအား လက်ဆောင်ပန်းခြင်းပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

(သတင်းစဉ်)

○ *ရှေ့ဖုံးမှ*

ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကျို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အမြင်ချင်းဖလှယ်

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးအပါအဝင် ကဏ္ဍစုံ၌ အကျိုးတူကိစ္စရပ်များ ကို မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော ကိစ္စများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေး ခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ အမှာစကား ပြောကြား သည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေး သို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ အဖွဲ့ အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ် များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ ချုပ်များနှင့် ခေတ္တရုံးအဖွဲ့မှူးတို့ တက် ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့် ရေးအဖွဲ့ အဖွဲ့ဝင်များက အမှာစကား ပြောကြားကြပြီး အဖွဲ့အောက်ရှိ ဦးစီးဌာန များနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူး ချုပ်များနှင့် ပါမောက္ခချုပ်များက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

အသစ်ဖွင့်လှစ်ခွင့်ရရှိသည့် ပုဂ္ဂလိကဘဏ်များ နေပြည်တော်၌ဘဏ်ရုံးချုပ်များ ထားရှိကာ စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်၊ အကြွေးဝယ်ကတ် Smart Card ဝန်ဆောင်မှုပေးနိုင်ရန်စီစဉ် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၃၃)ကို ယနေ့ဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံ ပဲအိတ်စပို့ ယခင်နှစ် တန်ချိန်ခြောက်သိန်းပို့နိုင်သော်လည်း ယခုနှစ် တစ်သိန်းသာပို့နိုင်သေး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ မှတ်ပုံတင်ခွင့်ရရှိ၊ စီးပွားရေး လုပ်ငန်းရှင်များအတွက် ချေးငွေထုတ်ချေးနိုင်မည့်နည်းလမ်းများနှင့် ပတ်သက်၍ ဘဏ်ရှေ့နေနှင့် တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်နှင့်တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်တင်ပို့ပြီး ခြောက်လကြာအထိ ပို့ကုန်တန်ဖိုးငွေများဝင်ရောက်မှု မရှိပါက ၎င်းကုမ္ပဏီများကို အရေးယူမည်၊ စက်မှုဇုန်များနှင့် စက်ရုံများသို့ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရန်အတွက် ကုန်တင်ယာဉ်ကြီးများ လမ်းကြောင်းသတ်မှတ်၊ အနုပညာ တစ်ခုကို ဖန်တီးခဲ့တယ်ဆိုတဲ့ မြန်မာမိန်းကလေးတစ်ဦး၊ ယောက်ျားလေး မိန်းကလေးတို့ လူပျို အပျိုဘယ်လိုသိ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသများ၌ မိုးကြီးရေလျှံမှု ဖြစ်ပွား၊ UNHCR ရုံးမှစပိဘုတ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ ပုဂ္ဂလိက စက်သုံးဆီဆိုင်များက ကားတစ်စီးလျှင် ဆီ ၁၂ဂါလန်သာ ဝယ်ယူခွင့်ပြုထားသည်ဟူသော သတင်းမှာမဟုတ်မှန်၊ မလေးရှားနိုင်ငံတွင် ဆိုင်ကယ်အစီးကောင်း၍ မြန်မာနှစ်ဦးသေဆုံး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်စီးပွားရေးလုပ်ငန်းရှင်များအတွက် Online Video Conference လုပ်ရန်နေရာဖွင့်လှစ်၊ သဃ်န်းကျွန်းယာယီဈေး ဇွန် ၁၇ရက်က စတင်ဖွင့်လှစ်၊ ထူးပုဂ္ဂလိကစက်သုံးဆီဆိုင် ၂၄နာရီ အချိန်ပြည့်ဖွင့်လှစ်ရန်စီစဉ်၊ မြန်မာအားကစားသမား များ အသက်အာမခံထားရှိရန် ဝန်လေးနေ၊ ကမ်းနားလမ်းတိုးချဲ့ပြုပြင်ရန် အေးရှားဝေါလ် ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်၊ အနာဂတ်စစ်ပွဲများ သဲကန္တာရတွင် မဖြစ်နိုင်၊ တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် အမေရိကန်လေယာဉ်တင် သင်္ဘောကြီးတစ်စင်းပေးပို့ရန်ရှိ၊ ဥရောပတစ်ခွင် အီရန်ဒုံးကျည်မိုး ရွာချနိုင်စွမ်းရှိကြောင်း ရောဘတ်ဂိတ်သတိပေး စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။

(သတင်းစဉ်)

အနေ့ယာဉ်စီးနင်းသူများလိုက်နာရန်

၁။ ရန်ကုန်မြို့တော်အတွင်း စည်းကမ်းမဲ့အနေ့ယာဉ်များကြောင့် ယာဉ်တိုက်မှု များ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အနေ့ယာဉ်များ (ဆိုက်ကား၊ စက်ဘီး၊ ဂါလီနှင့် လက်တွန်းလှည်းအမျိုးမျိုး)အနေဖြင့် အောက်ပါ စည်းကမ်းချက်များအား လိုက်နာကြရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ရန်ကုန်မြို့တွင်း အရှေ့ဘက်-ဗိုလ်အောင်ကျော်လမ်း၊ အနောက်ဘက်-လမ်းမတော်လမ်း၊ တောင်ဘက်-ကုန်သည်လမ်း၊ မြောက်ဘက်-ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား၊ နံနက် ၅ နာရီမှ ည ၁၀ နာရီ အတွင်း အနေ့ယာဉ်များမဝင်ရ။

(ခ) ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဦးဝိစာရလမ်းနှင့် ကန်ပတ်လမ်း (ကန်တော်ကြီးပတ်လည်) တို့တွင် နေ့/ည လုံးဝ ဝင်ရောက်ခြင်းမပြုရ။

(ဂ) လမ်းပြောင်းပြန် စီးနင်းခြင်းမပြုရ။

(ဃ) လမ်းလယ်မှ စီးနင်းခြင်းမပြုရ။

(င) သတ်မှတ်ပေးထားသည့် ဝန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။

(စ) ညအချိန် ရောင်ပြန်မပါဘဲ စီးနင်းခြင်းမပြုရ။

၂။ မြို့တွင်း ခြောက်မြို့နယ်တွင် စည်းကမ်းမဲ့အနေ့ယာဉ်များကြောင့် ယာဉ်ကြော များ ပိတ်ဆို့မှုဖြစ်ခြင်းနှင့် ယာဉ်တိုက်မှု မကြာခဏဖြစ်ခြင်းတို့ကြောင့် အနေ့ယာဉ် များအား မှတ်ပုံတင်ခြင်းကို နှစ်အလိုက် လျှော့ချ၍ တဖြည်းဖြည်း ရုပ်သိမ်းသွားမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဥရောပနှင့်ရုရှား အကျိုးတူပူးပေါင်းရန် ပြင်သစ်သမ္မတ တိုက်တွန်းပြောကြား

ပါရီ ဇွန် ၂၁

ဥရောပနှင့်ရုရှားအစိုးရတို့အကြား နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန်လိုအပ်ကြောင်း ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက ဇွန် ၂၀ရက်တွင် တိုက်တွန်းပြောကြားသည်။

ထုတ်ဖော်ပြောကြား

ဥရောပနှင့်ရုရှားအစိုးရအနေဖြင့် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ပြီး မဟာဗျူဟာမြောက်သည့် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရရှိပိုင်ဆိုင်နိုင်မည်ဟုယုံကြည်ကြောင်း စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် စီးပွားရေးဖိုရမ်၌ သမ္မတဆာကိုဇီ၏ ထုတ်ဖော်ပြောကြားမှုကိုကိုးကား၍ ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

ပူးပေါင်းဆောင်ရွက်ရန်

ပြင်သစ်အစိုးရသည် ရာနှင့်ချီသောရုရှားရထားများ ရောင်းချရေးအတွက် ဆွေးနွေးညှိနှိုင်းရန်နှင့် ရုရှားဆိုယုဇ်ဒုံးကျည် ၁၀စင်းနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီ

တရုတ်-ပြင်သစ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

ပေကျင်း ဇွန် ၂၁

တရုတ်နိုင်ငံဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်န်ပီစီ)အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ကို့နှင့်ပြင်သစ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဘားနက်အက်စ်ကိုရာတို့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဇွန် ၂၀ရက်က တွေ့ဆုံဆွေးနွေးကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်အစိုးရအနေဖြင့် နှစ်နိုင်ငံလွှတ်တော်အမတ်များ အပြန်အလှန်လည်ပတ်မှုကို မြှင့်တင်သွားရန် ဆန္ဒရှိကြောင်းနှင့် ကဏ္ဍစုံ၌ နှစ်နိုင်ငံပိုမိုရင်းနှီးစွာဆက်သွယ်ဆောင်ရွက်သွားလိုကြောင်း အင်န်ပီစီအမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူက ထုတ်ဖော်ပြောကြားသည်။

ပြင်သစ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဘားနက်အက်စ်ကိုရာသည် ရှန်ဟိုင်းကုန်စည်ပြပွဲ ပြင်သစ်ပြခန်းဆိုင်ရာ ကပြဖျော်ဖြေပွဲသို့တက်ရောက်ရန် ပေကျင်းမြို့သို့ အလည်အပတ် ရောက်ရှိနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေ့ကျင့်ရေးလေယာဉ်

ကနေဒါနိုင်ငံ ဗန်ကူးဘားမြို့ ဘောင်ဒရီဘေးလေဆိပ်၌ ကျင်းပသည့် လေယာဉ်ကုန်စည်ပြပွဲနှင့် ခြောက်ကြိမ်မြောက် လေကြောင်းစွမ်းရည်ပြပွဲ၌ ပြသထားသည့် လေ့ကျင့်ရေး လေယာဉ်တစ်စင်းကို ဇွန် ၂၀ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ သေဆုံးသည့် ပြင်သစ်တပ်ဖွဲ့ဝင်စုစုပေါင်း ၄၄ဦးရှိပြီဖြစ်

ပါရီ ဇွန် ၂၁

အာဖဂန်နစ္စတန်နိုင်ငံတွင် လက်နက်ကိုင်များ၏အမြောက်ဖြင့်တိုက်ခိုက်ခံရပြီးနောက် သေဆုံးသွားသောပြင်သစ်တပ်ကြပ်တစ်ဦးမှာ ၂၀၁၀ခုနှစ်အတွင်း ၎င်းနိုင်ငံ၌သေဆုံးသူများတွင် ၄၄ဦးမြောက် သေဆုံးသူဖြစ်ကြောင်း ဇွန် ၁၉ရက်တွင် ပြင်သစ်သမ္မတ၏ အယ်လ်ဆီနန်းတော်က အတည်ပြုကြေညာလိုက်သည်။

ဒဏ်ရာရ

၎င်းပြင်သစ်တပ်ဖွဲ့ဝင်သည် အာဖဂန်စကားပြန်နှင့်အတူ အမြောက်ကျည်ဆန်မှန်၍ ဒဏ်ရာရရှိပြီး ဆေးရုံပေါ်တွင် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

လုပ်ဆောင်

ယင်းတပ်ဖွဲ့ဝင် သေဆုံးခြင်းနှင့် ပတ်သက်၍ ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက ဝမ်းနည်းကြောင်းထုတ်ဖော်ပြောကြားပြီး ပြင်သစ်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

(အင်တာနက်)

ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့၌ ကျင်းပသည့် နိုင်ငံတကာ ဆိုင်ကယ်စီးစွမ်းရည်ပြပွဲကို ဇွန် ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဩစတြေးလျ လေယာဉ်ပျောက်ဆုံးမှု ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ရှာဖွေ

ကင်ဘာရာ ဇွန် ၂၁

ကင်မရွန်းနိုင်ငံနှင့် ကွန်ဂိုနိုင်ငံနယ်စပ်အနီး၌ ဩစတြေးလျ သတ္တုတူးဖော်ရေးကုမ္ပဏီဝန်ထမ်းခြောက်ဦး လိုက်ပါလာသည့် လေယာဉ်တစ်စင်း ဇွန် ၁၉ရက်က ပျောက်ဆုံးသွားသဖြင့် ကယ်ဆယ်ရေးလေယာဉ်များအသုံးပြုကာ ရှာဖွေလျက်ရှိသည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ဇွန် ၂၁ရက်၌ ပြောကြားသည်။

ပျောက်ဆုံး

သို့ရာတွင် ပျောက်ဆုံးသွားသော လေယာဉ်နှင့်စပ်လျဉ်း၍ အရိပ်အယောင်မျှ ရှာဖွေတွေ့ရှိခြင်းမရှိသေးဟု ဆိုသည်။

ပါဝင်

အဆိုပါ လေယာဉ်သည် ဩစတြေးလျအခြေစိုက် အပြည့်ပြည့်ဆိုင်ရာ ဆူဒန်သတ္တုတူးဖော်ရေးကုမ္ပဏီမှ ဝန်ထမ်းအများစုအပါအဝင် ခရီးသည် ၁၁ဦးကိုတင်ဆောင်ကာ ကင်မရွန်းနိုင်ငံနှင့် ကွန်ဂို နိုင်ငံနယ်စပ်ရှိ တောအုပ်အတွင်း၌ ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်၌ တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွား ခြောက်ဦးသေဆုံး၊ ၁၈ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများဆက်တိုက်ဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၁၈ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

၎င်းဖြစ်စဉ်သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ဟာရီရာခရိုင်တွင် လမ်းဘေးဗုံးပေါက်ကွဲခြင်းကြောင့် လေးဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ထို့ပြင် ဘဂ္ဂဒက်မြို့အရှေ့ဘက် အိုးဘီးခရိုင်အတွင်းရှိ အိမ်တစ်လုံးကို ကက်တိုရှာဒုံးကျည်ထိမှန်သဖြင့် အမျိုးသမီးတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိသွားသည်။ ၎င်း၏နေအိမ်မှာလည်း ပျက်စီးသွားသည်။

သေဆုံး

အခြားတိုက်ခိုက်မှုတစ်ခုတွင် ဘဂ္ဂဒက်မြို့အနောက်ဘက် အယ်လ်ရီဆာပန်းခြံအတွင်းရှိ ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲရာ အမျိုးသားတစ်ဦးသေဆုံးပြီး ၎င်း၏ဇနီး ဒဏ်ရာရရှိသွားကြောင်း အဆိုပါသတင်းရပ်ကွက်မှ ပြောကြားသည်။

မကြာခဏတိုက်ခိုက်မှု

အီရတ်နိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲ ကျင်းပပြီးနောက် မြို့ကြီးများအတွင်း၌ သုံးလကျော် အကြမ်းဖက်မှုများနှင့်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၀ရက်က တွေ့ရစဉ်။

(ယင်းဖြစ်ပွားမှုကြောင့် အရပ်သား ၂၆ဦး သေဆုံးပြီး ၅၃ဦး ဒဏ်ရာရရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

အမေရိကန်နှင့် အစ္စရေးစစ်သင်္ဘောများ ပါရှန်ပင်လယ်ကွေ့သို့ ထွက်ခွာ

ဝါရှင်တန် ဇွန် ၂၁

အမေရိကန်စစ်သင်္ဘော ၁၂စင်းပါအုပ်စုနှင့် အစ္စရေးစစ်သင်္ဘောများသည် စူးအက်တူးမြောင်းကိုဖြတ်၍ ပင်လယ်နီအတွင်းသို့ ဦးတည်ခုတ်မောင်းသွားကြကြောင်း အင်တာနက်သတင်းတွင် ဇွန် ၂၀ရက်က ဖော်ပြသည်။

ထုတ်လွှင့်

အဆိုပါစစ်သင်္ဘောများသည် ပါရှန်ပင်လယ်ကွေ့ဆီသို့သွားရန် ရည်ရွယ်ခြင်းဖြစ်သည်ဟုဆိုသည်။ ပင်လယ်နီသို့သွားရောက်ရန်အတွက် စူးအက်တူးမြောင်းဖြတ်သန်းခွင့်ကို အီဂျစ်အစိုးရက ဇွန် ၁၉ရက်တွင် ခွင့်ပြုခဲ့သည်ဟု ဒေသဆိုင်ရာသတင်းဌာနက ထုတ်လွှင့်သည်။

တားမြစ်

စူးအက်တူးမြောင်းလုံခြုံရေးအတွက် အီဂျစ်အာဏာပိုင်များက အထူးလုံခြုံရေးတားမြစ်ချက်များ ချမှတ်ခဲ့ပြီး စီးပွားရေးနှင့် အရပ်ဘက်ဆိုင်ရာသင်္ဘောများ ဖြတ်သန်းသွားလာခွင့်ကို တားမြစ်ကာ လုံခြုံရေးတပ်ဖွဲ့များ တပ်ဖြန့်ချထားခဲ့သည်။

(အင်တာနက်)

တရုတ်ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် ၄၆ဦးသေဆုံး

ဟီနန် ဇွန် ၂၁

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်၌ ဇွန် ၂၁ရက် နံနက်ပိုင်းက ကျောက်မီးသွေးတွင်းပေါက်ကွဲသဖြင့် ၄၆ဦးထက်မနည်းသေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ထုတ်ဖော်ပြောကြားသည်။

အဆိုပါဒေသ၌ နံနက် ၁နာရီ မိနစ် ၄၀ခန့်က ရှန်တုံ နံပါတ်(၂) ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အလုပ်သမား ၇၂ဦး ပိတ်မိနေသည်ဟုဆိုသည်။

ယင်းပေါက်ကွဲမှုအတွင်း အလုပ်သမား ၂၆ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ၄၆ဦးသေဆုံးခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက အတည်ပြုထုတ်ပြန်ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

22-6 (04).pmd 1 6/22/2010, 2:22 AM

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ပြင်သစ်-အိန္ဒိယ စစ်ပွဲ (၁၇၅၄ - ၁၇၆၃)

တိုး - ရေးသားသည်

ပြင်သစ်နှင့်အိန္ဒိယစစ်ပွဲသည် ၁၇၅၄ခုနှစ်တွင် စတင်ခဲ့သည်။ ထိုမျှကြာမြင့်ခဲ့သည့် ဤစစ်ပွဲမှာ ပြင်သစ်နှင့် မြောက်အမေရိကတိုက်ရှိ ဌာနေရက်အိန္ဒိယလူမျိုးစုအချို့တို့ကို ဗြိတိန်နိုင်ငံနှင့် အမေရိကန်ကိုလိုနီများက ဆင်နွှဲသည့်စစ်ပွဲပင်ဖြစ်သည်။

၁၇၆၃ခုနှစ် စစ်ပွဲပြီးဆုံးသည့်အခါတွင် ပြင်သစ်နိုင်ငံအနေဖြင့် ကနေဒါကို ထိန်းချုပ်နိုင်ခြင်းမရှိတော့ချေ။ အမေရိကန်ကိုလိုနီများကို ခြိမ်းခြောက်နေသည့် ရက်အိန္ဒိယလူမျိုးများမှာလည်း အရေးနိမ့်ခဲ့ရသည်။

အကျိုးသက်ရောက်

ဤပြင်သစ်နှင့် အိန္ဒိယစစ်ပွဲမှာ ကမ္ဘာစစ်တစ်ခုဖြစ်လာသည်။ ဤစစ်ပွဲတွင် ဗြိတိန်နိုင်ငံက ငွေအမြောက်အမြားသုံးစွဲခဲ့ပြီး ကိုလိုနီဒေသများ၌ အခြေချနေထိုင်သူများကလည်း တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။ ဤအကြောင်းအချက် နှစ်ရပ်က ကိုလိုနီဒေသများ၏ အနာဂတ်ရေးအပေါ် အကြီးအကျယ်ရိုက်ခတ် အကျိုးသက်ရောက်စေသည်။

ပြင်သစ်နှင့် အိန္ဒိယစစ်ပွဲမှာ ပြင်သစ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဖြစ်ပွားသည့် စစ်ပွဲအလျှင်းမဟုတ်ပါချေ။ ဤစစ်ပွဲမှာ မြောက်အမေရိကတိုက်အတွင်း ပြင်သစ်နှင့် ဗြိတိန်အကြားဖြစ်ပွားသော စစ်ပွဲများ၏ အဆက်ပင်ဖြစ်သည်။

အားကျမခံ

ပြင်သစ်က မစ္စစ္စပီမြစ်ကို ထိန်းချုပ်ပြီး အိုဟိုင်းယိုးမြစ်ဝှမ်းပါ သူပိုင်ဆိုင်ကြောင်း ကြေညာသည်။ ပြင်သစ်တို့သည် ယင်းဒေသအတွင်းတွင် ခံတပ်များ စတင်တည်ဆောက်သည်။ ဗြိတိန်တို့ကလည်း ကိုယ်ပိုင်ခံတပ်များ အားကျမခံ စတင်တည်ဆောက်သည်။

အမိန့်ပေး

ဗြိတိန်တို့ ပိုင်ဆိုင်ပါသည်ဆိုသော ဒေသများအတွင်းသို့တိုင် ပြင်သစ်တို့ကနယ်ချဲ့လာသည်။ ၁၇၅၄ခုနှစ်တွင် ဒူကွတ်နေခံတပ်မှ ပြင်သစ်တို့အား နှင်ထုတ်ရန် ဗာဂျီးနီးယားအုပ်ချုပ်ရေးမှူးက ဗိုလ်မှူးဂျော့ဝါရှင်တန်ကို စေလွှတ်လိုက်သည်။ ဗိုလ်မှူးဂျော့ဝါရှင်တန်တို့တပ်က ပြင်သစ်ကင်းထောက်အဖွဲ့ကိုမီလာပြီး နောက်လိုက်များအား သေနတ်ဖြင့်ပစ်ရန် အမိန့်ပေးသည့်အတွက် ပစ်ခတ်ရာ ပြင်သစ် ၁၂ဦးသေဆုံးပြီး ၂၂ဦး ဒဏ်ရာရသွားသည်။ ထို့နောက် စစ်ဖြစ်တော့သည်။

ကံဆိုးမိုးမှောင်

စစ်ပွဲစတင်ဖြစ်ပြီး နှစ်နှစ်အတွင်းတွင် ပြင်သစ်နှင့် ၎င်းတို့၏ ရက်အိန္ဒိယမဟာမိတ်များက ဗြိတိန်တပ်များကို အကြိမ်များစွာ အနိုင်ယူသည်။ ဗြိတိသျှဗိုလ်မှူးကြီးဘရက်ဒေါ့ ဦးဆောင်သည့် ဗြိတိသျှတပ်ဖွဲ့ဝင်များက ဒူကွတ်နေခံတပ်ကို သိမ်းရန်ကြိုးစားသောအခါ ဗြိတိန်နှင့် သူတို့၏ ကိုလိုနီစစ်သားများအဖို့ ကံဆိုးမိုးမှောင် စတင်ကျလာခဲ့တော့သည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ရင်ဆိုင်ရာတွင် ပြင်သစ်နှင့် ရက်အိန္ဒိယတပ်ဖွဲ့ဝင်အချို့တို့က အနိုင်ယူအောင်ပွဲခံသည်။

အဆုံးသတ်

ဝီလျံပစ် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။ ၁၇၅၆ခုနှစ်တွင် စစ်ပွဲအခြေအနေမှာ ပြောင်းလဲသွားသည်။ ဗြိတိန်နိုင်ငံက မြောက်အမေရိကစစ်ပွဲအတွက် လူသူနှင့် စစ်လက်နက်ပစ္စည်း ပိုမိုဖြည့်တင်းပေးပြီး ပြင်သစ်ခံတပ်များကို တဖြည်းဖြည်းသိမ်းယူသည်။ ၁၇၅၉ခုနှစ်တွင် ဗြိတိန်တို့က အာဘရာဟန်နှင့် ပြင်သစ်စစ်ပွဲကို အနိုင်တိုက်လိုက်ပြီး ကွီဘက်ကို သိမ်းယူရရှိခဲ့သည်။ နောက်တစ်နှစ်တွင် မွန်ထရီယယ်မြို့ကို သိမ်းလိုက်ရာ ကနေဒါနိုင်ငံ သိမ်းပိုက်ရေးအစီအစဉ်ပြီးဆုံးသွားပြီး မြောက်အမေရိကစစ်ပွဲလည်း အဆုံးသတ်သွားခဲ့သည်။

ပြင်သစ်တပ်နှင့် ဌာနေရက်အိန္ဒိယတပ်ဖွဲ့များအား စစ်ဆင်တိုက်ခိုက်မည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ စစ်ထွက်ရန် ပြင်ဆင်ခဲ့စဉ်က -

ထိန်းသိမ်း

ပါရီစာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် စစ်ပွဲမှာ ၁၇၈၃ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် တရားဝင် အဆုံးသတ်သွားသည်။ ပြင်သစ်က ဂွါဒီလုနှင့် မာတင်နစ်ကျွန်းများကို ပြန်ရရှိစဉ် မစ္စစ္စပီအနောက်ဘက် မြောက်အမေရိကရှိ နယ်မြေအားလုံးကို တရားဝင်ထိုးအပ်လိုက်ရသည်။ စစ်စရိတ်နှင့် လောလောလတ်လတ် ရရှိလိုက်သည့် နယ်မြေများ ထိန်းသိမ်းစောင့်ရှောက်စရိတ်မှာ မြင့်မားသည်။

စခန်းချ

ထိုကုန်ကျစရိတ်များကို ကိုလိုနီနယ်ပယ်များက မျှဝေရန် ဗြိတိန်က မျှော်လင့်တကြီးဖြစ်လာသည်။ စစ်ပွဲပြီးဆုံးသောအခါ ဗြိတိန်နိုင်ငံအနေဖြင့် ထိုခေတ်ထိုအခါက ပမာဏအားဖြင့် မနည်းလှသောကြွေးမြီ ပေါင်စတာလင်သန်း ၁၄၀ တင်ရှိသွားတော့သည်။ မြောက်အမေရိက၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀၀၀ စခန်းချထားရဆဲဖြစ်သည်။

ဗြိတိန်နိုင်ငံ၏ စစ်ပြီးခေတ် ထိုမူဝါဒနှစ်ရပ်ကြောင့် ကိုလိုနီ လက်အောက်ခံပြည်သူတို့ ပိုမိုမခံမရပ်ဖြစ်လာကာ အမျိုးသားရေးစိတ်ဓာတ်များ စတင်ကိန်းအောင်းလာစေပြီး အဆုံး၌ ကိုလိုနီလက်အောက်ခံပြည်သူတို့က တော်လှန်ရေး စစ်ပွဲကို ဆင်နွှဲသည်အထိ ပေါက်ကွဲသွား။

တိုးကောက်

စစ်ပွဲအပြီးတွင် ရာစုနှစ်နှင့်ချီ၍ ကျင့်သုံးလာသော သင်ခန်းစာပေးသည့် ဥပေက္ခာပြုရေးမူဝါဒကို ဗြိတိန်က အဆုံးသတ်လိုက်ပြီး ကိုလိုနီများအပေါ် မသက်ာသည့်မျက်လုံးဖြင့် ကြည့်လာသည်။ စစ်သုံးစရိတ်ကာမိရေးအတွက် ဗြိတိန်က အခွန်အတုပ်များ တိုးကောက်လာသည်။

ပေါက်ကွဲ

ဗြိတိန်နိုင်ငံ၏ စစ်ပြီးခေတ် ထိုမူဝါဒနှစ်ရပ်ကြောင့် ကိုလိုနီလက်အောက်ခံပြည်သူတို့ ပိုမိုမခံမရပ်ဖြစ်လာကာ အမျိုးသားရေးစိတ်ဓာတ်များ စတင်ကိန်းအောင်းလာစေပြီး အဆုံး၌ ကိုလိုနီလက်အောက်ခံပြည်သူတို့က တော်လှန်ရေးစစ်ပွဲကို ဆင်နွှဲသည်အထိ ပေါက်ကွဲသွားတော့သည်။ ။

ကိုးကား-အင်တာနက်



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

လော့စ်အိန်ဂျလိစ်လေဆိပ်၌ ပုံးလန့်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်လေဆိပ်၌ ဇွန် ၂၁ရက်က ပုံးလန့်မှုဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေမှုများပြုလုပ်ခဲ့ကြောင်း၊ ထူးခြားမှုတစ်စုံတစ်ရာမတွေ့ရှိရကြောင်း လေဆိပ်အရာရှိများကပြောကြားသည်။

မက္ကဆီကို၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဒူရာရိုပြည်နယ်တွင် ဇွန် ၂၁ရက်က စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ ၁၁ဦးသေဆုံးခဲ့ကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။

အီရန်၌ ဇင်ဘာဘွေ ခရီးသွားလုပ်ငန်းရုံးဖွင့်မည်

အီရန်နိုင်ငံတွင် ခရီးသွားလုပ်ငန်းများဆောင်ရွက်ရန် ဇင်ဘာဘွေနိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာရုံးတစ်ရုံး လာရောက်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်အရာရှိများက ဇွန် ၂၁ရက်၌ ပြောကြားသည်။

ကယ်လီဖိုးနီးယားတောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း စားသောက်ဆိုင်တစ်ဆိုင်၌ ဇွန် ၂၁ရက်ကသေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဇွန် ၂၁ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုဖြစ်ပွားရာ ဒေသခံ ၂၀၀၀၀ကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

(အောက်ပုံ)

ပါကစ္စတန်အနောက်တောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ကွီတာမြို့တွင် ဇွန် ၂၁ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ကားတစ်စီးအတွင်းမှ ပေါက်ကွဲခြင်းဖြစ်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒူဘိုင်းမြို့ လုံခြုံရေးအတွက် ငွေကြေးသုံးစွဲမည်

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် လုံခြုံရေးတိုးတက်ကောင်းမွန်စေရန် အမေရိကန်ဒေါ်လာသန်း ၁၃၆သန်းကျော်သုံးစွဲသွားမည်ဖြစ်ကြောင်း ဒူဘိုင်းမြို့ ရဲတပ်ဖွဲ့က ဇွန် ၂၁ရက်၌ ပြောကြားသည်။

တရုတ်အရှေ့မြောက်ပိုင်းကမ်းလွန်၌ သင်္ဘောနှစ်စင်းတိုက်မိ

တရုတ်နိုင်ငံမြောက်ပိုင်း လျောင်နင်းပြည်နယ်ကမ်းလွန်တွင် ပနားမားကုန်တင်သင်္ဘောတစ်စင်းနှင့် ကမ္ဘောဒီးယားသင်္ဘောတစ်စင်းတို့ ဇွန် ၂၁ရက်က တိုက်မိခဲ့ရာ သင်္ဘောသားငါးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း တရုတ်အရာရှိများက ဇွန် ၂၁ရက်၌ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းတန့်နေ

ကမ္ဘာ့ဈေးကွက်၌ ငွေကြေးဈေးနှုန်းများ အတက်အကျမရှိဘဲ တန့်နေလျက်ရှိရာ ဂျပန်ဈေးကွက်၌ ဇွန် ၂၁ရက်က ဂျပန်ယန်းငွေ ၉၁ယန်းလျှင် အမေရိကန်တစ်ဒေါ်လာဖြစ်နေဆဲဟု သတင်းထုတ်ပြန်သည်။ (အင်တာနက်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ
ဆက်လက် လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၂၁

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသောပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇွန် ၂၁ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

စိစစ်ဆောင်ရွက်

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၃၆) ပါတီအနက် ပါတီ (၃၃)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဦးသိန်းဆွေနှင့် ဝန်ကြီး ဦးမောင်မောင်ဆွေ
ဘူးသီးတောင်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေတို့ ရခိုင်ပြည်နယ် ဘူးသီးတောင်ဆိပ်ကမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေတို့သည် ဇွန် ၁၉ရက်က ရခိုင်ပြည်နယ် ဘူးသီးတောင်ဆိပ်ကမ်းသို့ ရောက်ရှိပြီး ဘူးသီးတောင်မှ စစ်တွေမြို့သို့ထွက်ခွာမည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေဝတီ-၃ ရေယာဉ်ပေါ်သို့ ခရီးသည်များ လိုက်ပါစီးနင်းမှု၊ ကုန်များတင်ဆောင်ထားရှိမှု၊ လက်မှတ်ရုံ၌ လက်မှတ်များ စနစ်တကျရောင်းချနေမှု၊ ဆိပ်ကမ်းတံတားများ ကြံ့ခိုင်မှု၊ ဆိပ်ကမ်းဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ဘူးသီးတောင်အဝင် ရေလမ်းကြောင်းနှင့် ကုလားတန်မြစ် ရေလမ်းကြောင်းတို့၌ ရေယာဉ်များ ပြေးဆွဲခုတ်မောင်းနေမှု၊ ရသေ့တောင်မြို့အဝင် ရေလမ်းကြောင်းနှင့် စစ်တွေမြို့အဝင် ဆတ်ရိုးကျ ချောင်းရေလမ်းကြောင်းအခြေအနေများ၊ ဆိပ်ကမ်း၌ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှု စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီး ဦးသိန်းဆွေက ရေယာဉ်များ ဝင်ချိန်၊ ထွက်ချိန် မှန်ကန်ရေး၊ ခရီးသည်နှင့် ကုန်ပစ္စည်းများ လုံခြုံမှုအစဉ်သတိပြုဆောင်ရွက်ရေး၊ မလိုလားအပ်ဘဲ ကြန့်ကြာမှုမရှိစေရန် ဝန်ထမ်းများ အားလုံးဂရုပြုဆောင်ရွက်ရေး၊ ခရီးသွား ပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် စေတနာထားဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ
ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
၂၃-၆-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း + ကြေညာချက်
၇:၀၅ တရားတော်
မင်္ဂလသုတ်
ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ
ဤမြေကမ္ဘာ
(အပိုင်း-၄၅)
နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၁၀၃)
တေးပဒေသာ
၁၂:၀၀ စံတော်ချိန်
တေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ
တောင်ဇလပ်အိုရဲ့မေတ္တာ
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(ပဲထမင်း၊ ဆိတ်ကလီစာဟင်း၊ မျှစ်သုပ်နဲ့ ချဉ်ပေါင်ရွက်ဟင်းချို)
၁၇:၁၀ Current Song(28)
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၇:၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၂)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၅၅)
၁၈:၂၀ ကျေးလက်ဇာတ်လမ်း
နားနားနေနေ
၁၈:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား
နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ
(ဘိုဘိုဟန်)
တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
စီးပွားရေးဦးတည်ချက်
၂၀:၂၀ သူ့ခေတ်သူ့အခါ တေးကမ္ဘာ
တေးပဒေသာ
၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ
(ပျို့အန်ခြင်း)
လူမှုရေးဦးတည်ချက်
၂၁:၀၀ ကာလပေါ်တူရိယာအဖွဲ့
(မျိုးကာလပေါ်အဖွဲ့)
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်

နေပြည်တော် ဇွန် ၂၁

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ခုနှစ် ဇွန်လ ၁၈ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း (၆၃) နိုင်ငံရှိပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ အပါအဝင် နိုင်ငံ (၁၆) နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **လူသို့ကူးစက်ဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၈ရက်အထိ နိုင်ငံ (၁၅) နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ရောဂါ လူသို့ကူးစက်မှု ၄၉၉ဦး ရှိပြီး ၂၉၅ ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းမှု။** မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ် ဖြစ်ပွားခဲ့သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင်လည်းကောင်း၊ မတ်လတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တွင်လည်းကောင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ရာ ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆောင်ရွက်ခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ ဖြစ်ပွားမှုနောက်တွင် ယနေ့အထိ မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံကျရောက်ဖြစ်ပွားမှု မရှိခဲ့ပါ။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် ထပ်မံဖြစ်ပွားမှုမရှိသော အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့သို့ အကြောင်းကြားပြီးဖြစ်သည်။

၃။ **ရောဂါကြိုတင်ကာကွယ်ရေး။** သို့ရာတွင် နိုင်ငံအချို့၌ ရောဂါကျရောက်ဖြစ်ပွားမှု ရှိနေသဖြင့် ရောဂါကြိုတင်ကာကွယ်ရေး အတွက် အောက်ပါအချက်များကို လိုက်နာ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်များ မသင်္ကာဖွယ်ရာ သေဆုံးမှုရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(ဃ) ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇွန် ၂၁

ခန္တီး လင်းရောင်ခြည်စာကြည့်တိုက်၌ စာအုပ်စာစောင်များလှူဒါန်း

ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကျော်သည် မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးနှင့် ဝန်ထမ်းများလိုက်ပါ၍ ခန္တီးမြို့နယ် လာဝယ်ကျေးရွာသို့ မေ ၈ရက်က ရောက်ရှိရာ လင်းရောင်ခြည်စာကြည့်တိုက်၌ စာဌားစနစ်ကျင့်သုံးရေးနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပသည်။ (ခရိုင် ပြန်/ဆက်)

ဆွမ်ပရာဘွမ်၌ ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်သင်တန်းဖွင့်

ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၉နာရီက ဘန်ဂူခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းသူရက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထူးအောင်က အဆိုပါ သင်တန်းဖွင့်လှစ်ရခြင်းကို ဆွေးနွေးပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆားလင်းကြီး ထွေ/အုပ်ဝန်ထမ်းများ ပညာသင်စရိတ်ထောက်ပံ့

ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက် ညနေ၃နာရီခွဲက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

မြိုင်မြို့နယ် သစ်တောဦးစီးဌာန ကျွန်းပျိုးပင်များပေးအပ်

ပခုက္ကူခရိုင် မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကားလမ်းမကြီးဘေးဝဲယာ၌ ကျွန်းပျိုးပင် ၄၃၀၆၆ပင် စိုက်ပျိုးရန် ပေးအပ်ပွဲကို မေ ၃၁ရက်က မြို့နယ်သစ်တော ဦးစီးဌာန ပျိုးဥယျာဉ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်နှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးမြင့်သန်းတို့က ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအား ကျွန်းပျိုးပင်များကိုပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းမူ၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအသိပေး

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ရှင်းလင်းပွဲကို ဇွန် ၂ရက်က မြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ (ဝ၃၅)

သုတ၊ ရသစာအုပ်များလှူဒါန်းပွဲ ကောလင်း၌ကျင်းပ

ပြန်ကြားရေးဝန်ကြီးဌာန၏ ကျေးလက်စာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ခြင်းကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သုတရသစာအုပ်၊ ဂျာနယ်နှင့် သတင်းစာများပေးအပ်လှူဒါန်းပွဲကို မေ ၂၆ ရက်က ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံးခန်းမဆောင်တွင် ကျင်းပရာ ခင်မို့မို့စာပေနှင့် ကြယ်စင်စာပေတို့က လှူဒါန်းသော သုတရသစာအုပ်၊ ဂျာနယ်၊ သတင်းစာ ၈၀၀ကို ကောလင်းမြို့နယ် နတ်ကြီးခုံ၊ နှောခုံ၊ ကန်လယ်ကြီး၊ ချောင်းကွေ့၊ ဇီးဖြူကုန်း၊ တာ၊ မင်းချမ်းနှင့် တံစူးကျေးရွာတို့သို့ ပေးအပ်လှူဒါန်းကြသည်။ **(ဝ၃၂)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထက်မင်းလှ၌ ကျင်းပ

သရက်ခရိုင် အထက်မင်းလှမြို့နယ်၌ ဇွန် ၅ရက်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်က ကျင်းပရခြင်းအကြောင်းရှင်းလင်းပြီး မြို့နယ်သစ်တော ဦးစီးဌာနမှူး ဦးမိုးအောင်နှင့် မြို့နယ် အပူပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှူး ဦးတင်ငွေတို့က တက်ရောက်လာကြသူ အဖွဲ့ခေါင်းဆောင်များသို့ ပျိုးပင်များဖြန့်ဝေပေးသည်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးစောင့်ရှောက်မှု ကံမမြို့နယ်၌ ကွင်းဆင်းကုသ

ကံမမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဟိန်းနှင့်အဖွဲ့သည် မေ ၂၇ရက်က စပယ်ခြံကျေးရွာ၌ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကွင်းဆင်းကုသပြီး စပယ်ခြံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူများအား ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး စီမံချက်အရ ဆေးစိမ်ခြင်ထောင် လက်တွေ့သရုပ်ပြခြင်း၊ ခြင်ထောင်ဆေးစိမ်ပေးခြင်းလုပ်ငန်းများ ပြုလုပ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်း မြို့မဈေးမီးဘေးလုံခြုံရေးဆောင်ရွက်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်သည် ဇွန် ၁၄ရက်က မိုးကောင်းမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးများ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေလှောင်ကန်များ၊ မီးသတ်ရေငုတ်များ စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ မရှိကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ရှင်းလင်းပြောကြားသည်။ (ဝဝ၁)

ဘားအံမြို့နယ် ရဲတပ်ဖွဲ့ဝင် သားသမီးများ ပညာသင်စရိတ်ထောက်ပံ့

ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၏သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ် ပေးအပ်ပွဲကို မေ ၂၃ရက် ညနေ ၃နာရီက ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းမြင့်က တပ်ဖွဲ့ဝင်သားသမီး ၁၅ဦးတို့အား ပညာသင်စရိတ် ငွေကျပ် ၁၄၄၆၅၀ထောက်ပံ့ပေးအပ်သည်။ ။ **(ဝဝ၈)**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်း ပခုက္ကူစက်မှုသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆင့်အကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပမည်

နေပြည်တော် ဇွန် ၂၁

ဆင့်အကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးကို ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ရက်နှင့် ၅ရက်၊ ဇူလိုင် ၁၅၊ ၁၆ ရက် (ကြာသပတေးနှင့် သောကြာနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၂ ခုနှစ်၊ ပထမဝါဆို လပြည့်ကျော် ၁၅ရက်၊ ဇူလိုင် ၁၁ရက် (တနင်္ဂနွေနေ့)တွင် လည်းကောင်း၊ ဆင့်အကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ရက်၊ အရန်ရက် ၇ရက်၊ ဇူလိုင် ၁၇ရက်၊ အရန်ရက် ၁၈ ရက်(စနေ၊ တနင်္ဂနွေနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်၊ ဇူလိုင် ၁၆ရက် (သောကြာနေ့)တွင် လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ပခုက္ကူ စက်မှုသင်တန်းကျောင်း စက်မှု(၂)ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းသည် ဇွန်၁၉ရက် မွန်းလွဲပိုင်းက ပခုက္ကူစက်မှုသင်တန်းကျောင်းသို့ ရောက်ရှိပြီး စက်မှုသင်တန်းကျောင်း၏ စာသင်ခန်းများပြင်ဆင်ထားရှိမှုနှင့် Workshopများ၌ သင်ထောက်ကူစက်ပစ္စည်းများ အသင့်ဖြစ်မှုကို လည်းကောင်း၊ Electrical Workshop, Electronic Workshop , Heat Treatment Workshop, CNC Machines Trainers, Lathe Machine Workshop ,Welding Workshop, Automobile Workshop များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အခွင့်အလမ်း

အဆိုပါ သင်တန်းကျောင်းကို ဇူလိုင် ၁၅ရက်တွင် သင်တန်းသား ၂၀၀ဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း၊ ဧရာဝတီမြစ် အနောက်ဘက်ဒေသ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ မြစ်ခြေတစ်ဝိုက်မှ ဒေသခံလူငယ် လူရွယ်များ စက်မှုအတတ်ပညာများ တတ်ကျွမ်းလာစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း သိရှိရသည်။

ကောင်းမွန်ရေး

ထို့နောက် ဝန်ကြီးသည် စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်)သို့ ရောက်ရှိပြီး ထုတ်လုပ်လျက်ရှိသော CNC Machine များ၊ Radial Drilling Machine များနှင့် Bend Saw Machine များကို ကြည့်ရှုစစ်ဆေးကာ Workmanship နှင့် Performance ကောင်းမွန်အောင်ကြိုးစားရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၂၄/၂၀၁၀) ဖွင့်ပွဲတွင် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၂၄/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခမ်း အနား၌ နိုင်ငံခြားရေးဝန်ကြီးဌာနလေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးပေါ်လွင်စိန်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၉၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ဖြစ်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

တောင်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(ပျဉ်းမနား)တွင် ၀ဒသမ ၃၅ လက်မ၊ ပူတာအိုမြို့တွင် ၂ဒသမ၉၉ လက်မ၊ မြစ်ငယ်မြို့တွင် ၂ ဒသမ ၅၂လက်မ၊ ကော့သောင်းမြို့တွင် ၁ဒသမ၇၄လက်မ၊ မြစ်ကြီးနားမြို့တွင် ၀ဒသမ၉၄ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၀ဒသမ၇၀ လက်မ၊ ခန္တီးမြို့တွင် ၀ဒသမ၆၃ လက်မနှင့် တောင်တွင်းကြီးမြို့တို့တွင် ၀ ဒသမ ၄၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

ဇွန် ၂၂ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကလေးငယ်များ ကျန်းမာရေးသတိပြု ဆေးနှင့်ရောဂါ သဟဇာတဖြစ်ရန်ဂရုပြု

ကောင်းမြတ်သူ-ရေးသားသည်

ဂျီနီဗာ ဇွန် ၂၁

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသက် ၁၃နှစ်အောက် ကလေးများအား ဆေးကုသရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် ဆေးဝါးအမျိုးအစား ၂၄၀ ကို မည်သို့မည်ပုံ သုံးစွဲရန် အညွှန်းများပါသည့် လမ်းညွှန်ချက်တစ်ရပ်ကို ဇွန် ၁၈ ရက်က ထုတ်ပြန်လိုက်သည်။

ကလေးများအား ဆေးကုသရာတွင် သုံးစွဲရန် ဆေးအညွှန်းနှင့် ဆေး၏ ကောင်းကျိုး၊ ဆိုးကျိုးများ သိရှိလေ့လာပြီး ကလေးများအား တိုက်ကျွေးသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်လိုက်သည့် လမ်းညွှန်ချက် မှတ်တမ်းသည် စာမျက်နှာ ၅၂၈ မျက်နှာ ပါရှိကြောင်း၊ ယင်းမှတ်တမ်းသည် ကလေးများအား ကုသရာတွင် ထိရောက်စွာ ကုသပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်အသက်ငါးနှစ်အောက်ကလေး ၈ဒသမ ၈သန်းတို့သည် ဝမ်းလျှောဝမ်းပျက်ရောဂါ၊ အဆုတ်ရောင် အဖျားရောဂါကဲ့သို့သော ရောဂါများကြောင့် သေဆုံးလျက်ရှိသည်။ ကုသ



ရေး ဆရာဝန်များအနေဖြင့် ရောဂါနှင့် ဆေးကုသနိုင်မှု အားနည်းချက်ကြောင့် သေဆုံးနေရခြင်းဖြစ်သည်ဟု ဆိုသည်။ ။

အင်တာနက်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်း သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများနှင့် အလုပ်ချိန်မအားလပ်သဖြင့် ပညာသင်ယူရန် အခက်တွေ့နေသူများအတွက် တနင်္ဂနွေနေ့ တစ်ရက်တည်းတက်ရသော အခမဲ့စာရင်းကိုင်သင်တန်းကို ဇူလိုင် ၄ ရက် (တနင်္ဂနွေနေ့)မှ စတင်၍ တန်းခွဲနှစ်ခုဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

ဆက်သွယ်စာရင်းပေးသွင်းနိုင်

တက်ရောက်လိုသူများသည် မြန်မာနိုင်ငံစာရင်းကိုင်များအသင်း အမှတ် ၉၁/၉၃ (၄၉)လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉၊ ၀၉-၅၁၇၈၁၈၂နှင့် ၀၉-၅၄၁၀၉၀၉ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ထုတ်ဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

*ယခုအပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ မြန်မာနိုင်ငံမှ ကမ္ဘာ့အရပ်အပုဆုံးလူသား ဖြစ်လာနိုင်ဖွယ်ရှိသည့် ကလေးငယ် ရန်ကုန်မြို့သို့ရောက်ရှိနေ၊ လွန်ခဲ့သော ၂၄နှစ်က ပျက်ကျခဲ့သည့် ချဲလင်ဂျာ လွန်းပြန်ယာဉ်စာသားပါ သတ္တုပိုင်းကို လောင်းလုံမြို့နယ်ရှိ ခြံဝင်းတစ်ခုအတွင်း၌တွေ့ရှိ၊ မြန်မာအင်ဖိုတက်ခ်အတွင်း ဆေးလိပ်တို ပေါ့ဆမှုကြောင့် ပထမဆုံးအကြိမ် မီးလောင်မှုဖြစ်ပွား၊ ဝါးကိုကြာရှည်ခံအောင် အသုံးပြုနိုင်သည့် စနစ်တွေ့ရှိ၊ ပုဂ္ဂလိကဘဏ်အချို့ အင်တာနက်ဘဏ်စနစ် အသုံးပြုရန်ရှိ၊ ဓာတ်ပြား သီချင်းများ သီဆိုယှဉ်ပြိုင်ရမည့် ရွှေဓာတ်ပြားရှင်ပြိုင်ပွဲကျင်းပမည်၊ နိုင်ငံခြားငွေနှင့် FEC ရရှိမှုများအပေါ် ကန့်သတ်ချက်များ လျှော့ပေါ့သတ်မှတ်၊ Air Asia က ရန်ကုန်-ကွာလာလမ်ပူ ခရီးစဉ်များကို ရှေ့လမှစ၍ နေ့စဉ်တိုက်ရိုက်ပျံသန်းမည်၊ ရန်ကုန်မြို့တွင် ကွန်တိန်နာနှင့် ကုန်တင်ယာဉ်ကြီးစီးရေ ၁၀၀၀ ရပ်နားနိုင်မည့် စခန်းကြီးတည်ဆောက်နေ၊ အချို့ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၂၄နာရီ ဖွင့်ရန်စီစဉ်နေ၊ ပခုက္ကူမြို့နယ်မှ ခြေထောက်သုံးချောင်းနှင့် မိန်းကလေး၏ ခြေထောက်အပိုကို ခွဲစိတ်ဖယ်ရှားလို၊ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ မုန်တိုင်းဒဏ်ခံ ဗြိတိသျှ နိုင်ငံသားလေးဦးကို ကယ်တင်ခဲ့သည့် မြန်မာသင်္ဘောကပ္ပတိန်နှင့်အဖွဲ့အား ဂုဏ်ပြုမည်၊ ဆရာစံကြေးရုပ်ထုလုပ်ထားရှိရန် ဆွေးနွေး၊ ဗီယက်နမ် နှင့် မလေးရှားတို့က ရန်ကုန်မြို့ရှိ အိမ်ခြံမြေဈေးကွက်ကိုစိတ်ဝင်စား၊ ဒိုစမာဘင်လာဒင်၏ မြေးကို အဲလီဇဘက်ဘုရင်မကြီးအား အစွဲပြု၍ အမည်မှည့်ခေါ်ရန် သားဖြစ်သူက စီစဉ်ထား၊ ကာဂျစ်စတန်နိုင်ငံ လူမျိုးရေး အဓိကရုန်း၏ နောက်ဆုံးအခြေအနေ၊ တိရစ္ဆာန်ရုံရှိ ကျားလှောင်အိမ်ထဲကို သားအဖနှစ်ဦးဝင်ရောက် မိရာဖခင်သေဆုံး၊ တရုတ်နိုင်ငံတွင် မြေပြို၍ အိမ်အလုံး ၂၀ ကျွံကျသွား၊ နှစ် ၁၀၀အတွင်း လူသားတို့ မျိုးသုဉ်းသွားလိမ့်မည်ဟုဆို၊ လေယာဉ်စီးစဉ်ရင်သားအတုများ ထိခိုက်ခဲ့ရသဖြင့် လေကြောင်းလိုင်းကို တရားစွဲ၊ မုန်တိုင်းကြောင့် အိမ်တစ်လုံးလုံး ပေ ၅၀ အထိလွင့်ပါသွား၊ ကမ္ဘာ့ဖလားဘောလုံး သမားတို့၏ ဇနီးနှင့် ချစ်သူများပါဝင်သော လက်ရွေးစင်အသင်း၊ စိတ်အနှောင့်အယှက် အပေးနိုင်ဆုံး အသံများတွင် ဗူဗူဇီလာ အသံက ထိပ်ဆုံးဖြစ်၊ ကမ္ဘာ့ပထမဆုံး ဦးနှောက်တစ်ခုတည်းသာပါရှိသည့် ခေါင်းချင်းဆက် အမြွှာညီအစ်မ၊ ဆွီဒင်တော်ဝင် မင်းသမီးက သာမန်သင်တန်းမှူးတစ်ဦးနှင့်လက်ထပ်၊ အင်ဒိုအဘွားအို အသက် ၁၅၇နှစ်ရှိဟုဆို စသည့် စိတ်ဝင် စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံ အပြင် ရှစ်မျက်နှာ တိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)***

အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်းပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

❐ ကျောဖုံးမှ

ကြိုဆိုနှုတ်ဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းသည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်မှ ဇေယျာသီရိဗိမာန်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတီးမှုတ်

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

မိတ်ဆက်ပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်တို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။ **(သတင်းစဉ်)**

ပြည်ထေ
လာအိုဝန်ကြီးချု
နှစ်နိုင်ငံချစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆေ
ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်
ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်ေ
တွေ့ဆုံဆွေးနွေးကြစဉ်။

ဂုဏ်ပြုတပ်ဖွဲ့ အလေးပြုခြင်း ခံယူ

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၆-၂၀၁၀

(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ **ရောဝတီရဲ့အား ကျွန်းကုန်းတံတား**
၈:၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ Local Talent

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၆။ ကြေးမုံရိပ်သွင် တေးနှယည်
၅:၀၀ ၇။ **ငါးရစ်မျိုးငါး ဒို့မစား**
၅:၁၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၅:၃၀ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅:၄၀ ၁၀။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြိုသုံးသပ်ချက်)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၃၀ ၁၄။ ဆိုလိုက်ကြစို့
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၉)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၈:၂၀ ၁၇။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မက္ကဆီကိုနှင့် ဥရုဂွေး)**
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **သွေး** အေဝမ်းစိုးမြင့်နှင့်အဖွဲ့ (တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယပိုင်း) (အပိုင်း-၃)
၂၁။ ရုပ်ရှင်ပဟေဠိ

၂၃-၆-၂၀၁၀

နံနက်ပိုင်း

၁:၀၀ ၁။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (နိုင်ဂျီးရီးယားနှင့် တောင်ကိုရီးယား)**

ကျောက်မျက်ရတနာ ပြတိုက် ကြည့်ရှုလေ့လာ

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်တွေ့ဆုံ

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သောအဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး၊ အိမ်နီးချင်းကောင်းပီသသော ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းတိုးမြှင့်ရေး၊ အဆင့်မြင့် ကိုယ်စားလှယ်များ အပြန်အလှန် ပုံမှန်သွားလာလည်ပတ်ရေး၊ မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး သဘောတူညီချက်များကို နှစ်ဖက်အပြန်အလှန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး၊ နှစ်နိုင်ငံ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီ ၁၀မိနစ်တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် ဇနီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိ

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါပြီး မွန်းလွဲ ၁နာရီတွင် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြရာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အဆောက်အအုံ အပေါ်ထပ်၌ ပြသထားသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက ကျောက်မျက်ရတနာပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်အဆောက်အအုံအောက်ထပ်၌ ကျောက်မျက်ရတနာကုမ္ပဏီများက ရောင်းချလျက်ရှိသည့် ကျောက်မျက်ရတနာများကို လိုက်လံကြည့်ရှု လေ့လာကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်မြို့တော်ခန်းမသို့ ရောက်ရှိလာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြို့တော်ခန်းမအပေါ်ထပ်ရှိ မြို့တော်မင်္ဂလာခန်းမ၌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် နေပြည်တော် တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းကြရာ မြို့တော်ဝန်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနရုံးများ၊ ပြည်သူ့လွှတ်တော် အဆောက်အအုံနှင့် သမ္မတအိမ်တော် အဆောက်အအုံ တည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

စာကြည့်တိုက်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးအောင်သိန်းလင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၉ရက် နံနက်ပိုင်းက စမ်းချောင်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျိုက်စကိုင်းကျေးရွာရှိ မိုးစပါး စပေါင်းထွန်ယက်စိုက်ပျိုးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တိုက်ကြီးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုအားပေး

အစီအစဉ်အရ တာဝန်ရှိသူတစ်ဦးက သစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးသည် စစ်ပင်းဝဲကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က စာကြည့်တိုက်အတွက် အလှူငွေများ၊ ရုပ်မြင်သံကြားစက်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြကာ စာကြည့်တိုက်အတွင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ခမ္မိတ်ကျေးရွာနှင့် တော်လတီစုံပြကျေးရွာတို့ရှိ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၁၀

International Day Against Drug Abuse and Illicit Trafficking 26.6.2010

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း လက်ဝှေ့ကော်မတီများ လက်ဝှေ့ကလပ်အသင်းများနှင့်တွေ့ဆုံပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း လက်ဝှေ့ကော်မတီများ၊ လက်ဝှေ့ကလပ်အသင်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို သုဝဏ္ဏကွင်းအနီးရှိ Eagle Garden Restaurant ၌ ဇွန် ၂၀ရက် နံနက်ကကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အသစ်ပြန်လည်ဖွဲ့စည်းထားသော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းမှ လက်ဝှေ့ကော်မတီမှတာဝန်ရှိသူများ၊ လက်ဝှေ့ကလပ်အသင်းမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လက်ဝှေ့အားကစားသမားများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** အဖွဲ့ချုပ်ဥက္ကဋ္ဌသစ် ဦးရန်ဝင်း၊ အထွေထွေ

အတွင်းရေးမှူးဦးတင်လှိုင်နှင့် အမှုဆောင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။ ထို့နောက် အုပ်ချုပ်သူ၊ နည်းပြနှင့် လက်ရွေးစင်အားကစားသမားများသို့ ပံ့ပိုးငွေကျပ် သိန်း၃၀ကို ဥက္ကဋ္ဌ ဦးရန်ဝင်းက ပေးအပ်သည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ၂၀၁၁ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်အားကစားသမားများ ရွေးချယ်ခြင်းနှင့် ပြိုင်ပွဲများကျင်းပရန် စီစဉ်ထားရှိမှုများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ၂၀၁၃ခုနှစ်အတွက် မြန်မာနိုင်ငံ၌ကျင်းပမည့် အားကစား ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(လက်ဝှေ့အဖွဲ့ချုပ်)**

ကချင်ပြည်နယ် ရွှေကူမြို့ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ဇွန်၄ရက်က မြို့မဈေးစည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးရုံးခန်းမ၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ဈေးစည်းကမ်းဆိုင်ရာများနှင့် ဈေးမီးဘေးလုံခြုံရေးဆောင်ရွက်ရန် ဆွေးနွေးပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ သုံးခွမြို့နယ် ညောင်နီကျေးရွာ၌ကျင်းပ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ညောင်နီကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းရှေ့၌ ဇွန် ၈ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်သောင်း၊ မြို့နယ်ပညာရေးမှူးကိုယ်စား အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်၊ ညောင်နီကျေးရွာကျောင်းအုပ်ဆရာကြီးဦးတင်သိန်းနှင့် အလှူရှင် ဦးစိန်နှင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား အထက(၂)ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်က ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားရေး သိကောင်းစရာများရှင်းလင်းကာ ညောင်နီကျေးရွာ အထကကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးတင်သိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

မတည်လှူဒါန်း

အဆိုပါကျောင်းတွင် ညောင်နီကျေးရွာမှ ဦးစိန်နှင်းက ငွေကျပ်၁၀သိန်းနှင့် ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၇၆သိန်း စုစုပေါင်း တန်ဖိုးငွေကျပ်၈၆သိန်း မတည်လှူဒါန်းမှုဖြင့် ကျောင်းဆောင်သစ်ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆိပ်ဖြူမြို့နယ်၌ စာအုပ်စာစောင်များ လှူဒါန်း

ဆိပ်ဖြူ ဇွန် ၂၁

မကွေးတိုင်း ဆိပ်ဖြူမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို မေ ၅ရက် မွန်းလွဲသာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားပြီး အလှူရှင် ရေနံချောင်း ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာ တင်အောင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် ကျေးရွာဥက္ကဋ္ဌတစ်ဦးက ကျေးရွာများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

အဆိုပါ အခမ်းအနားတွင် ကျေးရွာ ၂၅ရွာအတွက် စာအုပ်စာစောင် ၃၇၅အုပ် တန်ဖိုးငွေကျပ်၄၅၀၀၀၀ခန့်ကို ရေနံချောင်း ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာတင်အောင်နှင့် ပါမောက္ခ ဒေါက်တာဦးပွားတို့က ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းသည်။

(အပေါ်ဝဲပုံ)(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၂-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လှျှပ်တစ်ပြက်
- ၆:၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၆:၄၀ ၁၄။ အကြင်နာလက်တစ်စုံ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ **ကံစမ်းမဲ** ဝက်မအဖွဲ့နှင့် မိုးတိမ်အဖွဲ့
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ဦးတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၃၀)

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေးနှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့် ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏သန်းမှတစ်ဆင့်ကူးစက်ပြီး ကပ်ရောဂါ ဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့်ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍-

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များဝင်ရောက် ခိုအောင်းပေါက်ပွားမှု မရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကိုစစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဖီဖာဥက္ကဋ္ဌ ဘလတ္တာ၊ ဒေးဗစ်ဘက်ဟမ်းနှင့် ဦးဇော်ဇော်

➢ ဘောလုံးခရီးသည်နှင့် မှတ်တမ်းဓာတ်ပုံ - စိုးမိုး (IBC) ➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၂၁

ကမ္ဘာ့အကြီးကျယ်ဆုံးနှင့် လူစိတ်အဝင်စားဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရခြင်းကြောင့်လား မပြောတတ်။ တောင်အာဖရိက နိုင်ငံမှာ မိမိတို့ကြားဖူးသော၊ တွေးထင်ထားမိသော အနေအထားထက် များစွာသာလွန်နေသည်ဟု ခံစားရပြီး အားကျလောက်စရာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ သတိပြုမိသည်က ဂျိုဟန်နစ္စဘတ်လေဆိပ်သို့ရောက်ရန် ဗန်ကောက် လေဆိပ်မှတစ်ဆင့် ပျံသန်းချိန် ၁၁ နာရီကျော်ခန့် ကြာမြင့်ခဲ့၍ ခန္ဓာကိုယ်က အနည်းငယ်နုံးချည့်သလိုရှိခဲ့သော်လည်း အေးမြလှသော တောင်အာဖရိကလေနုအေးလေးက ချက်ချင်းအမောပြေသွားစေခဲ့သည်။



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဖီဖာဥက္ကဋ္ဌ မစ္စတာ ဆပ်ဘလတ္တာတို့ တွေ့ဆုံနေစဉ်။

အားကျ အတုယူဖွယ်

တောင်အာဖရိက နိုင်ငံသားများ၏ ဘောလုံးအပေါ် စိတ်ဝင်စားရူးသွပ်မှုက လည်း လက်ဖျားခါလောက်သည်။ World Cup ဖမ်းစားမှုကြောင့်လားမသိ ဂျိုဟန်နစ္စဘတ်တစ်မြို့လုံး ဘောလုံးပုံရိပ်များ လွှမ်းမိုးနေသည်။ သန့်ရှင်းရေးအလုပ်သမားများမှအစ ကုမ္ပဏီဝန်ထမ်းအလယ်၊ လူကုံထံကြီးများအဆုံး ကမ္ဘာ့ဖလားအိမ်ရှင်လုပ်ခွင့်ရခဲ့ခြင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီး၏စိတ်လှုပ်ရှားစရာ အကြိုလှုပ်ရှားမှုများတွင် စီးမျောရင်း အပျော်မျက်လုံး ဘောလုံးမျက်နှာများဖြင့် ဂုဏ်ယူဝမ်းမြောက်လျက်ရှိနေသည်ကို အားကျဖွယ်၊ မုဒိတာပွားဖွယ်တွေ့မြင်ရသည်။ တောင်အာဖရိကသားများ၏ အပျော်က မိမိတို့ အားလုံးထံသို့လည်း ကူးစက်လာသလို ခံစားပီတိဖြစ်ခဲ့ရသည်။ ဂျိုဟန်နစ္စဘတ်တစ်မြို့လုံး ဗူဗူမှုတ်သံများ၊ အဝါအစိမ်းကြားအကျီများ လွှမ်းမိုးလျက်…။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်ဖြစ်၍ အသစ်ထပ်မံဆောက်လုပ်ထားသည်များရှိသလို ယခင်ပင်မအဆောက်အအုံများကိုလည်း UP-Grate လုပ်ထားတာများလည်း ရှိနိုင်သည်။ သို့သော် AFC ဆထူးကွန်ဂရက်အစည်းအဝေးနှင့်ဖီဖာကွန်ဂရက်အစည်းအဝေးများပြုလုပ်သော ခန်းမကျယ်ပါ အဆောက်အအုံကြီးများမှာတော့ ယခင်ကတည်းက ရှိပြီးသားများဖြစ်သည်။ ယင်းအစည်းအဝေးကိုလည်း နိုင်ငံတကာအဆင့်မီ Meeting Facility အပြည့် ပါဝင်ဖွဲ့စည်းဆောက်မှုပေးထားသည်ကို အားကျအတုယူဖွယ်တွေ့ရသည်။

တွေ့ဆုံခွင့်ရ

FIFA Delegates အားလုံးကိုလည်း သက်ဆိုင်ရာ Confederation ကြီးများ အလိုက် 4 Star, 5 Star ဟိုတယ်ကြီးများတွင် ကြိုတင်ဘွတ်ကင်လုပ်၍ နေရာချထားပေးသည်။ စာရေးသူတို့တည်းသည့် Balalaika Hotel (ယခင် Pretea Hotel) နှင့် ဖီဖာကွန်ဂရက်လုပ်သည့် Shanton Convention Centre မှာ မနီးလေးနှစ်ခေါ်လောက်ရှိသည်။ သုံးမိနစ်ခန့်သာလမ်းလျှောက်ရသည်။ ဖီဖာဥက္ကဋ္ဌ မစ္စတာဆပ်ဘလတ္တာတည်းခိုသည့် နက်လ်ဆင်စကွဲယားဟိုတယ်မှာလည်း Convention Centre တစ်ဝင်းသာသည်။ စာရေးသူတို့အဖွဲ့ရောက်ပြီးနောက်တစ်ရက်တွင် MFF ဥက္ကဋ္ဌ ဦးဇော်ဇော် တွေ့ရပ်ခံတောင်းဆိုချက်အရ သီးခြားတွေ့ဆုံခွင့်ရရန် အလွန်ခက်ခဲလှသော ဖီဖာဥက္ကဋ္ဌ ဘလတ္တာအား နံနက် ၁၀နာရီခန့်တွင် မိနစ် ပိုင်းမျှ တွေ့ဆုံခွင့်ရမည်ဟု ဘလတ္တာ၏ အကြီးတန်းဝန်ထမ်းတစ်ဦးက အကြောင်းကြားလာချိန်တွင် စာရေးသူအတော်စိတ်လှုပ်ရှားသွားပြီး ဥက္ကဋ္ဌ၏ စည်းရုံးဆွဲဆောင်နိုင်မှုကိုလည်း ကျိတ်၍ချီးကျူးနေမိသည်။

နောက်တစ်နေ့နံနက်တွင် ဖီဖာဥက္ကဋ္ဌကြီးထံ သွားရောက်တွေ့ဆုံရန် အကျအန ဝတ်ဆင်ကာ နံနက်၉ နာရီခွဲကျော်ခန့်တွင်ဖီဖာမှ Official တစ်ဦးဖြစ်သူ Mr. David Borjor နှင့်အတူ နယ်လ်ဆင်မန်ဒဲလားဟိုတယ်သို့ သွားခဲ့သည်။ ဖီဖာဥက္ကဋ္ဌ၏ ဧည့်ခန်းသို့ရောက်ရန် စစ်ဆေးရေးဂိတ်သုံး၊ လေးခုခန့်ဖြတ်ပြီး ဓာတ်လှေကားနှစ်စင်းစီးခဲ့ရသည်။ ဖီဖာဥက္ကဋ္ဌ၏ အတွင်းရေးမှူးတစ်ယောက်က ပထမအဆင့်လုံခြုံရေးဂိတ်တွင်ပင် MFF ဥက္ကဋ္ဌတစ်ဦးတည်းသာ သွားရောက်တွေ့ဆုံခွင့်ပြုပါမည်ဟုပြောပြီး ဧည့်လည်ဆွဲကတ်ပြား ထုတ်ပေးသည်။

ဂုဏ်ယူဝမ်းမြောက်

သို့သော် နောက်ဆုံးတွင်တော့ ဦးဇော်ဇော်၏အကြိမ်ကြိမ်မေတ္တာရပ်ခံ တောင်းဆိုမှုကြောင့် ဖီဖာဥက္ကဋ္ဌကြီးအား ဦးဇော်ဇော်နှင့်အတူ လိုက်ပါတွေ့ဆုံခွင့်ရခဲ့တော့သည်။ ဦးဇော်ဇော်က ဖီဖာဥက္ကဋ္ဌကြီးနှင့် အပြုံးအများ အမှတ်တရကလောဆောင်များပေးချိန်တွင် မိမိလည်း ၎င်းတို့နှင့်အတူ ဓာတ်ပုံတွဲရိုက်ခွင့်ရခဲ့သည်။ မစ္စတာ ဘလတ္တာနှင့် အလုပ်သဘောနဲ့ စကားများစွာ ပြောဆိုခဲ့ပြီး တွေ့ဆုံစကားပြောခြင်းကို နိုးကြားစွာ စောင့်ကြည့်အရ ကမ္ဘာ့ဘောလုံးလောကရဲ့ ထိပ်သီးပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ယခုနှစ် တောင်အာဖရိက ခရီးစဉ်တွင်လည်း တစ်ရက်လျှင် အထွေအထူး ညှိနှိုင်းသော လက်ခံတွေ့ဆုံမှုမှ မည်အကြောင်း၊ လက်ခံတွေ့ဆုံချိန်မှာလည်း တစ်ခုလျှင် ငါးမိနစ်၊ ခြောက်မိနစ်ခန့်သာ တွေ့ဆုံစကားပြောလေ့ရှိကြောင်း၊ သူ့အတွင်းရေးမှူးမလေးပြောပြချက်အရ သိရသော်လည်း ဦးဇော်ဇော် တွေ့ဆုံချိန်တွင်မူ စကားလက်ဆုံကျပြီး မိနစ် ၂၀ ကျော်မျှ ကြာခဲ့ပြီး မြန်မာနိုင်ငံ၏ တွေ့ဆုံချိန်တွင် မြန်မာနှင့်ရလဒ်ကောင်းမွန်သော ချီးမြှင့်တိုးတက်အောင်မြင်ဖြစ်ထွန်းလာမှုနှင့် မြန်မာ့ဘောလုံးအတွက် ဆောင်ရွက်ရန်လျာထားသော စီမံကိန်းများကို ချီးကျူးခဲ့ပြီး ဦးဇော်ဇော်၏ဆွေးနွေးတင်ပြချက်များကို တလေးတစား စိတ်ဝင်စားစွာ နားထောင်ကာ မြန်မာနိုင်ငံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ လုပ်ငန်းတာဝန်များ အလွန်များပြားလှသည့် ကြားမှ ဦးဇော်ဇော်၏ တလေးတစား ဖိတ်ကြားမှုကို လက်ခံပြီး ယခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိရန်လည်း လှည့်ပတ်ပါမည်ဟု ကတိစကားပြန်ကြားလည်း ပြောကြားခဲ့သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ ချုပ်၏ ဦးဆောင်ပုဂ္ဂိုလ်ဖြစ်သည့် ဘလတ္တာ

မြန်မာပြည်လာပါက မြန်မာတစ်နိုင်ငံလုံးက ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုကြမည်ဟု ယုံကြည်နေမိသည်။

ကြီးကျယ်ခမ်းနား

အဖွဲ့ဝင် ၄၇နိုင်ငံရှိသည့် အာရှဘောလုံးအဖွဲ့ချုပ်(AFC) ဆထူးကွန်ဂရက်အစည်းအဝေးကို ဇွန် ၈ ရက်တွင် ဂျိုဟန်နစ္စဘတ်မြို့ အရှေ့မြောက်ပိုင်း နိုင်ငံတကာအဆင့်မီ Convention Centre ကြီးတစ်ခု၌ ကျင်းပရာ အာရှနိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူဖီဖာဥက္ကဋ္ဌကြီးဘလတ္တာလည်း အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။ အလွန်ကြီးကျယ်ခမ်းနားလှသော AFC Logo ပါ နောက်ခံစာသားနှင့် စင်မြင့်ကြီးပေါ်တွင် ဖီဖာဥက္ကဋ္ဌကြီးအပါအဝင် AFC ဥက္ကဋ္ဌ မစ္စတာ ဘင်ဟမ်မန်နှင့် အမှုဆောင်အဖွဲ့ဝင်များက အစည်းအဝေး သဘာပတိအဖွဲ့ပုံစံဖြင့်ထိုင်ပြီး ကျန်ကိုယ်စားလှယ်အဖွဲ့ဝင်များက အင်္ဂလိပ်အက္ခရာစဉ်အလိုက် တစ်နိုင်ငံလျှင် ခုံသုံးခုံနှုန်းဖြင့် ထိုင်ရသည်။

ဝင်ရောက်ခွင့်ပြု

အကြိမ်(၆၀)မြောက် ဖီဖာကွန်ဂရက်အစည်းအဝေးကျင်းပသည့် Convention

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဘက်ဟမ်းတို့ တွေ့ဆုံနှုတ်ဆက်စဉ်။

Centre က ပို၍ ကြီးကျယ်ခမ်းနားပြီး ဖီဖာအဖွဲ့ဝင် တစ်နိုင်ငံလျှင် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဆင့်မြင့် ကိုယ်စားလှယ်တစ်ဦးစီနှင့် အထူးလေ့လာသူအဖြစ် ကြိုတင်လျှောက်ထားတင်ပြထားသည့် ID ရရှိပြီးသောသူများကိုသာ ခန်းမရှေ့တွင်အတွင်းသို့ဝင်ရောက်ခွင့်ပြုသည်။ အစည်းအဝေးခေါင်းအကျင်းမှာ AFC ကွန်ဂရက်အစည်းအဝေးကျင်းပုံ ပုံစံဆင်သော်လည်း Meeting Decoration နှင့် ခန်းမပုံစံက ပိုမိုကြီးကျယ်ခမ်းနားသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ စပိန်အပါအဝင် ဘာသာစကားကိုးမျိုးခန့်ကို လိုသလို ချိန်ပြောင်းနားထောင်နိုင်သော ချန်နယ်ကွန်ဖရင့်ပါ အဆင့်မြင့်နားကြပ်တစ်ခုစီကိုလည်း ကိုယ်စားလှယ်တိုင်းကိုသာမက လေ့လာသူများ၊ မှတ်တမ်းရေးသူများ၊ နိုင်ငံတကာမီဒီယာများ ထိုင်သည့်နေရာ များတွင်ပါ ချထားပေးသည်။ ထို့အပြင် ဖီဖာစီမံခန့်ခွဲမှုစာရွက်များ၊ ရေသန့်ဘူး၊ ဖီဖာငွေစာရင်းရှင်းတမ်းစာအုပ်နှင့် ဖီဖာတံဆိပ်ပါ ဘောပင်တစ်စုံစီကိုလည်း နေရာတိုင်းတွင် တင်ထားပေးသည်။

ရှင်းလင်းပြသ

ဖီဖာကွန်ဂရက်အစည်းအဝေး ကျင်းပသည့် အဆောက်အဦတိုင်းပေါ်တွင် ကော်ဇော်တွင် ၂၀၁၈ကမ္ဘာ့ဖလားပွဲ အိမ်ရှင်ကျင်းပခွင့်လျှောက်ထားလာသော အင်္ဂလန်၊ နယ်သာလန်၊ ပေါ်တူဂီ၊ စပိန်၊ ရုရှား၊ ဘယ်လ်ဂျီယံ၊ အမေရိကန်နိုင်ငံများက လှုံ့ဆော်ရေးနှင့် စည်းရုံးရေးပြခန်းငယ်များပြုလုပ်၍ ၎င်းတို့နိုင်ငံများ၏ ဘောလုံးသမိုင်းကြောင်း အောင်မြင်မှုမှတ်တမ်းများနှင့် ၂၀၁၈ ကမ္ဘာ့ဖလားပွဲ အိမ်ရှင်ကျင်းပခွင့်ရရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည့် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို မှတ်တမ်းစာအုပ် ဗီဒီယိုချပ်၊ ဘောလုံးအမှတ်တံဆိပ်ပါ အမှတ်တရလက်ဆောင်များကို ခင်းကျင်းပြသထားပြီး နေ့လယ်စာစားချိန်တွင် ဧည့်သည်တော်များကို ရှင်းလင်းပြသပေးခြင်းများပြုလုပ်ကြသည့် မြင်ကွင်းများမှာလည်း အားကျစရာပင်။ ထိုပြကွက်များကို စာရေးသူလို သာမန်လူတစ်ယောက် မဆိုထားနှင့် ဖီဖာကွန်ဂရက်တက်လာသည့် နိုင်ငံအသီးသီးမှ အဆင့်မြင့်ဘောလုံး ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျော်ဘောလုံး သမားဟောင်းကြီးများပင် စိတ်ဝင်တစားနှင့် တို့လျှောကြည့်ရှုလေ့လာကြသည်။ အဆိုပါ လှုံ့ဆော်ရေးပြခန်းများ ဘေးတစ်ဖက်စီတွင် နိုင်ငံအလိုက် ဘောလုံးနှင့်ဆိုင်သည့် အထင်ကရပုဂ္ဂိုလ်များ(ဥပမာ ဟော်လန်ပြခန်းတွင် ရုဒ်ဂူးလစ်၊ အင်္ဂလန်ပြခန်းတွင် ဘော်ဘီချာလ်တန်၊ ရုရှားပြခန်းတွင် အစရာ မိုဖစ်ချိန့်နှင့် အရာရာဇင်) နိုင်ငံအလိုက် စုပါဝင်သူ ပါဝင်လာပြီး နိုင်ငံ မြန်မာ၏ ဘောလုံးသံတမန်များအဖြစ် ပါဝင်ပုံပိုး ပေးထားပြီးသည့်သည့်တော်များသိလိုသည်များကို အသေးစိတ်ရှင်းလင်းပြသကာ အမှတ်တရလက်ဆောင်များလည်း ပေးနေသောကြောင့် ဖီဖာကွန်ဂရက် ကိုယ်စားလှယ်များ နေ့လယ်စာ စားရန်ပင် မေ့လျော့နေပုံရသည်။ ပထမဆုံးပြီး ဘက်ကင်ဟောင်ဝါ၊ ဘော်ဘီချာလ်တန်၊ ရုဒ်ဂူး ဒေးဗစ်ဘက်ဟမ်းကိုလည်း အင်္ဂလန်ပြခန်းတွင် တွေ့ရသည်။

မုဒိတာပွား

ထိုစဉ်အတွင်း အင်္ဂလန်အသင်းကို ဂုဏ်ထူးဆောင်နည်းပြအဖွဲ့ဝင်လည်းဖြစ်၊ အင်္ဂလန်နိုင်ငံ၏ ဘောလုံးသံတမန်လည်း ဖြစ်သည့် ကမ္ဘာ့ကျော်ဘောလုံးမင်းသားဒေးဗစ်ဘက်ဟမ်းသည်ကိုယ်တိုင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ဘက်ဟမ်းနှင့် တွေ့ဆုံနှုတ်ဆက်ဓာတ်ပုံတွဲရိုက်ရန် ကြိုးစားကြသည်များ အလုအယက်ဖြစ်ခဲ့သည်။ ဘက်ဟမ်း၏ Image အရှိန်အဝါကို မျက်မြင်တွေ့ မြင်လိုက်ရ၍မှတ်ရန် အင်္ဂလန်နိုင်ငံအတွက် ကမ္ဘာ့ဖလား သူ့အား ဘာကြောင့် ဦးဆောင်ခိုင်းသလဲ ဆိုသည်ကို ကောင်းစွာ သဘောပေါက်လိုက်ရ သည်။ "ဪ…ဒါကြောင့် ဘက်ဟမ်း…ဘက်ဟမ်း ဖြစ်နေကြတာပဲ"ဟု စိတ်ထဲ၌ ကျိတ်ကာ မုဒိတာပွားနေမိသည်။ ။

(မြန်မာ့အလင်း)

သစ်ပင်စိုက်ပျိုးပွဲ ရေဦး၌ ကျင်းပ

ရေဦး ဇွန် ၂၁

ရေဦးမြို့နယ် သစ်တောဦးစီးဌာန၏ ဦးဆောင်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၅ရက် နံနက် ၇နာရီက ရေဦးမြို့၊ အဝင် မုံရွာ-ရေဦးလမ်း မိုင်တိုင် ၁၃၆/၀ အနီး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးဝင်းမြင့်၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရေဦးမြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြဲအောင်နှင့် သစ်တောဝန်ထမ်းများ စုစုပေါင်း အင်အား ၈၃၀ဖြင့် ကျွန်း၊ ယူကလစ်၊ တမာမျိုးပင်ပေါင်း ၁၀၅၀ကို စုပေါင်းစိုက်ပျိုး ကြသည်။ (အပေါ်ပုံ) (မြို့နယ် မြန်/ဆက်)

ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း သဲကုန်း၌ ဖွင့်လှစ်

သဲကုန်း ဇွန် ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ်၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၉နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရွှေဦးစွာ တိုင်းကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးဘဝင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခိုးဆွေ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးဝင်းက ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်မှုများနှင့် သင်တန်းကိစ္စဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသိန်းတန်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုးဝင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်ဇင်ဦးနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များက ရွှေကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပို့ချသည်။ (မြို့နယ် မြန်/ဆက်)

ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲသင်တန်းဖွင့်

မင်းတပ် ဇွန် ၂၁

ချင်းပြည်နယ် မင်းတပ်မြို့နယ် ဒုတိယကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောင်တွင် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်သင်တန်းကို ဇွန် ၁၄ရက်က ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကီးဆွမ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ဖြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးလိန်းကီး၊ လက်ထောက်ပညာရေးမှူး ဦးကီးဟုန်နှင့် ဦးကီးဆွမ်တို့က ဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးပို့ချသည်။ (မြို့နယ် မြန်/ဆက်)

ကြက်တောင်ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၁

၂၀၁၁ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ကြက်တောင်အားကစားပြိုင်ပွဲ၌ ဒိုင်လူကြီးများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ဥပဒေရေးရာနှင့် ကြက်တောင်ဒိုင်လူကြီးသင်တန်းကို ဇူလိုင် ၃ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ဖွင့်လှစ်မည် ဖြစ်ရာ စိတ်ပါဝင်စားသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်တောင်အားကစားဝါသနာ ရှင်များ တက်ရောက်လိုပါက ဖုန်း-၂၂၁၄၉၆သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေဟသာဈေးအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇွန် ၅ရက်က ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းနေမှုကို ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းညွန့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြဿနာပွားနေသော ပြင်သစ်တို့၏ရှေ့ခရီး ဘယ်လိုဖြစ်လာမလဲ

အာရှသား တောင်ကိုရီးယားတို့ နိုင်ဂျီးရီးယားကို ကျော်ဖြတ်နိုင်မှာလား

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၂၁

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ အချို့ပြိုင်ပွဲဝင်အသင်းများ အုပ်စုမှတက်ရေး သေချာနေပြီဖြစ်သလို အချို့အသင်းများ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို စောစောစီးစီးလက်ပြနှုတ်ဆက်ရန် ပြင်နေကြပြီဖြစ်သည်။ ဇွန် ၂၂ ရက် (ယနေ့)၌ ပြင်သစ်နှင့် တောင်အာဖရိက၊ မက္ကဆီကိုနှင့် ဥရုဂွေး၊ ဂရိနှင့် အာဂျင်တီးနား၊ နိုင်ဂျီးရီးယားနှင့် တောင်ကိုရီးယားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပွဲကြီးပွဲကောင်းများအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

ပြင်သစ်နိုင်ပွဲရရေး ရစ်ဘာရီ စွမ်းဆောင်ပေးနိုင်မည်လား။

ရင်ပူနေရပြီဖြစ်သည်။ အိမ်ရှင်တို့ ကမ္ဘာ့ဖလားပွဲ၌ နိုင်ပွဲတစ်ပွဲမျှမရဘဲ ပြိုင်ပွဲမှ ထွက်ရမည့်အနေအထားမျိုးကို လက်ခံမည်မဟုတ်ရာ ခြေကုန်ထုတ်မည်သာဖြစ်သည်။ သို့သော် ပြင်သစ်တို့နှင့် ယှဉ်လျှင် အစစအရာရာသာလွန်သည့် အခြေအနေမျိုး တောင်အာဖရိကအသင်း၌ ရှာမတွေ့ချေ။ ယခုကမ္ဘာ့ဖလားပွဲတွင် အိမ်ရှင်ပရိသတ်အားနှင့်ကွင်းလယ်ဒိုင်လူကြီးတို့၏ မျက်နှာသာပေးမှုအပေါ် အားကိုးရန်မဖြစ်နိုင်။ ပြင်သစ်တို့ အနိုင်ရလဒ်ထွက်ပေါ်အောင် ကစားနိုင်မည့် တိုက်စစ်မှူးများကို မည်သို့မျှ ဟန့်တားနိုင်မည်မဟုတ်ဟု တွက်ဆမိသည်။

မက္ကဆီကိုနှင့် ဥရုဂွေး

အုပ်စု(က)တွင် မက္ကဆီကိုတို့နှစ်ပွဲကစား လေးမှတ်ရနေ၍ အခြေအနေကောင်းဖြန့်ဝေမှုနှင့် ဖြတ်တောက်မှုအားကောင်းသည်။ နောက်တန်းခံစစ်ပိုင်း၌ ဥရုဂွေးတို့က ပိုပြီးတည်ငြိမ်သည်။ နှစ်ပွဲကစားပြီးချိန်တွင် တစ်ဂိုးမျှမပေးရသေးသော ဥရုဂွေးခံစစ်နှင့် ကွင်းလယ်ကစားအားကို အသုံးချပြီး ဖော်လန်တို့အုပ်စု ဂိုးရအောင် သွင်းယူကြမည်မှာသေချာသည်။ မက္ကဆီကိုတိုက်စစ်အားကလည်း အဆုံးသတ်သေချာမှုရှိသည်မှာဥရုဂွေးထက်မနိမ့်ချေ။ ပြင်သစ်အသင်းကို နှစ်ဂိုးပြတ်သွင်းယူနိုင်သော မက္ကဆီကိုတို့၏ တိုက်စစ်ခြေစွမ်းက မာကျောသည်ဖြစ်ရာ နိုင်ပွဲရလဒ်ကို ဆတူခံစားနိုင်မည်ဟု သုံးသပ်မိသည်။

ဥရုဂွေးအတွက် အဆုံးအဖြတ်ဂိုးတွေ သွင်းပေးနေသည့် ဖော်လန်။

ပြင်သစ်နှင့် တောင်အာဖရိက

ပြင်သစ်က အုပ်စု(က)၌ နှစ်ပွဲကစားပြီးချိန်တွင် ဥရုဂွေးကို ဂိုးမရှိသရေနှင့် မက္ကဆီကိုအသင်းကို နှစ်ဂိုးပြတ်ရှုံးထားသဖြင့် တစ်မှတ်သာရရှိထားသည်။ အိမ်ရှင်တောင်အာဖရိကတို့ကလည်း အဖွင့်ပွဲစဉ်၌ မက္ကဆီကိုအသင်းကို တစ်ဂိုးစီသရေပွဲနှင့် ဥရုဂွေးကို သုံးဂိုးပြတ်ရှုံးထားရာ တစ်မှတ်ရရှိထားသည်။ ပြင်သစ်နှင့် တောင်အာဖရိကတို့ တစ်မှတ်စီရင်ဝယ်ပိုက်ပြီး နောက်တစ်ဆင့်တက်ရေးအတွက် ဖောင်ဖျက် ကစားကြရတော့မည်ဖြစ်သည်။ ပြင်သစ်နည်းပြဒိုမင်နစ်၏ အခင်းအကျင်းမှားယွင်းမှုကြောင့် ပြင်သစ်တို့ ရလဒ်မကောင်းဘဲဖြစ်နေရာ ပြင်သစ်တိုက်စစ်မည်သို့ထွက်လာမည်ကို စောင့်ကြည့်ရမည်။ အနယ်လ်ကာ မပါဝင်သည့် ပြင်သစ်တိုက်စစ်တွင် ရစ်ဘာရီ၊ ဂိုဗူးနှင့် ဒီရာဘိုင်တို့တော့ရှိနေသည်။ ရစ်ဘာရီ ခြေစွမ်းပြပြီး ဂိုးသွင်းနိုင်လျှင် ပြင်သစ်တို့ အခြေအနေကောင်းနိုင်သည်။ ကွင်းလယ်တွင် တိုလာလန် ပွဲပယ်ပြစ်ဒဏ်ခံထားရသော်လည်း မာလူဒါကို ပွဲထွက်ကစားသမားအဖြစ် ကနဦးမှပင်ထည့်ကစားလျှင် တိုက်စစ်ကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ပြင်သစ်တို့ အုပ်စုမှ တက်ရန် နောက်ဆုံး အခွင့်အရေးတစ်ရပ် ဖြစ်ရာ တောင်အာဖရိကကို အနိုင်ရရန်က လွဲပြီး အခြားရလဒ်လက်ခံမည်မဟုတ်ချေ။တောင်အာဖရိကတို့ကလည်း နှစ်ပွဲကစားပြီး တစ်မှတ်သာရရှိထားသည်။ နည်းပြပရဲရားသည်။အိမ်ရှင်တောင်အာဖရိကကို တစ်ဂိုးစီသရေနှင့် ပြင်သစ်ကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရထားသည်။ ဥရုဂွေးတို့ကလည်း ပြင်သစ်ကို ဂိုးမရှိသရေ ကစားထားပြီး တောင်အာဖရိကကို သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိထားသည်။လေးမှတ်ချင်းတူညီနေသည့် နှစ်သင်း အုပ်စုပထမနေရာအတွက်နှင့် နောက်တစ်ဆင့် တက်ရောက်ရေးတို့အတွက် အိတ်သွန်ဖာမှောက် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ဥရုဂွေးတွင် ဖော်လန်နှင့်ဆွာရက်ဇ်တို့အပြင် ဂွန်ဇာလက်ဇ်ကလည်း တိုက်စစ်ကို မြှင့်အောင်ကစားနိုင်သည်။ မက္ကဆီကိုတို့ကလည်း ကွင်းလယ်ပိုင်းဘောလုံးဖြန့်ဝေမှုနှင့် ဖြတ်တောက်မှုအားကောင်းသည်။

ဂရိနှင့် အာဂျင်တီးနား

တောင်ကိုရီးယားကို နှစ်ဂိုးပြတ်ရှုံးပြီး နိုင်ဂျီးရီးယားအသင်းကို အနိုင်ယူခဲ့သည့် ဂရိအသင်းခြေစွမ်းကား ခန့်မှန်းရခက်သည်။သို့သော် ဂရိနောက်တန်းကို ပြုပြင်မှုမလုပ်လျှင် အာဂျင်တီးနားတိုက်စစ်မှူးများ အကြိုက်တွေ့သွားနိုင်သည်။ ဂရိနောက်တန်းသည် အင်အားဖြည့် စုဖွဲ့ထိုးဖောက်ကစားတတ်သည့် မက်ဆီဦးဆောင်သည့် အာဂျင်တီးနားတိုက်စစ်မှူးများကိုဟန့်တားနိုင်ရန်မလွယ်ချေ။ ဂရိနှင့်အာဂျင်တီးနားတို့ သမိုင်းတစ်လျှောက် ဆုံခဲ့သည့်ပွဲရလဒ်ကို ကြည့်လျှင် အာဂျင်တီးနားတို့ နိုင်ပွဲရသည်ကများသည်။ သို့သော် ဂရိရှေ့တန်းတွင် ဆာမာရက်စ်၊ ခရစ်စတီးနှင့် ကာရာဂိုနစ်တို့က အာဂျင်တီးနား နောက်တန်းကို ထိုးဖောက်ဂိုးသွင်းနိုင်စွမ်းနှင့် တိုးနိုင်အားရှိကြသည်။ ဂိုးရအောင်သွင်းနိုင်ကြသည်။ နောက်တစ်ဆင့်တက်ရေးအတွက် ဂရိတို့ ရမှတ်လည်း လိုအပ်သလို သွင်းဂိုးလည်း လိုအပ်နေရာ ဂိုးရသမျှ သွင်းယူနိုင်မှ ဟန်ကျနိုင်မည်။အာဂျင်တီးနားတို့က အုပ်စုပွဲ၌ နိုင်ပွဲချည်းရယူမည်ဟု နည်းပြ မာရာဒိုနာကပြောကြားထားသည်။ အာဂျင်တီးနားက နေရာစုံတွင် တောင့်တင်းသည်။ ချည့်နဲ့မှုရှိသည့် ဂရိခံစစ်ကြောင်းကို ကောင်းကောင်း ဖြိုခွဲဂိုးသွင်းနိုင်သည့် တီဗက်ဇ်၊ မက်ဆီ၊မီလီတိုတို့ရှိနေရာ ဂရိတို့ ဂိုးမပြတ်ရေးသာ အာရုံစိုက်ရမည်ဖြစ်သည်။ ယခုပွဲ၌ အာဂျင်တီးနားအသင်းတို့သာ ရသမျှအခွင့်အရေးကို အသုံးချသွားနိုင်မည်ဖြစ်ပြီး အမှတ်ပြည့်ယူသွားမည်သာ....။

မက်ဆီ ယခုပွဲ၌ ဂိုးသွင်းပေးမည်လား။

နိုင်ဂျီးရီးယားနှင့် တောင်ကိုရီးယား

ကမ္ဘာ့ဖလားပွဲစဉ်(၃၆)အဖြစ် နိုင်ဂျီးရီးယားနှင့် တောင်ကိုရီးယားတို့ပွဲကား တောင်ကိုရီးယားအသင်း၏ အနာဂတ်ကို ပုံဖော်မည့် ပွဲပင်ဖြစ်သည်။ နိုင်ဂျီးရီးယားက အဖွင့်ပွဲစဉ်၌ အာဂျင်တီးနားကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားပြီး ဒုတိယပွဲအဖြစ် ဂရိနှင့်ယှဉ်ပြိုင်ရာတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားသဖြင့် ပြိုင်ပွဲမှထွက်ရဖို့ ခြေလှမ်းပြင်နေသည်။ တောင်ကိုရီးယားက ဂရိကို အဖွင့်ပွဲစဉ်၌နှစ်ဂိုးပြတ်နိုင်ထားပြီး အာဂျင်တီးနားကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးထားသဖြင့် သုံးမှတ်ရရှိထားသည်။ တောင်ကိုရီးယားတို့ ယခုပွဲအနိုင်ရလျှင် အုပ်စုမှတက်ပြီဖြစ်ရာ ပက်ဂျီဆန်တို့ အုပ်စုအနိုင်ရအောင် ကစားတော့မည်။ နိုင်ဂျီးရီးယားတို့ကလည်း အာဖရိကမြေတွင် ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ နိုင်ပွဲမရဘဲ ထွက်ခဲ့ရသည့်ဖြစ်ရပ်ကို ခံစားနိုင်မည်မဟုတ်ရာ ယာကူဘူ၊ မာတင်နှင့် ဟာရူလာတို့က တောင်ကိုရီးယားကို ဂုဏ်သိက္ခာအရ အနိုင်ကစားမည်မှာ သေချာသည်။ အင်နှင့်အားနှင့် စုဖွဲ့တိုက်စစ်ဆင်တတ်သည့် နိုင်ဂျီးရီးယားတိုက်စစ်ကို တောင်ကိုရီးယား ခံစစ်မှူးတို့ အမှားအယွင်းနည်းနည်းနှင့် တောင့်ခံနိုင်မှု ရှိမရှိကလည်း သံသယဖြစ်စရာကောင်းနေပြန်သည်။ အထိ၊ အတို့နှင့် အကျပ်အတည်းကြားမှ ရုန်းထွက်ကာ ဂိုးသွင်းနိုင်သည့် တောင်ကိုရီးယားတိုက်စစ်မှူးများ ခြေစွမ်းပြနိုင်လျှင် နောက်တစ်ဆင့်တက်ရေးဆန္ဒပြည့်ဝနိုင်မည်။ သို့သော် ခံစားချက် ပြင်းပြင်းဖြင့်ကစားမည့် နိုင်ဂျီးရီးယားတို့ကလည်း မလျှော့တမ်း ကြိုးစားမည်ဖြစ်ရာ အမှတ်ပြည့်ရနိုင်မှု အခွင့်အရေးက ညီမျှခြင်းကျနေမည်သာဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ဘရာဇီးတို့ နောက်တစ်ဆင့်တက်ပြီ

အိုင်ဗရီကို့စ်တို့ ရှေ့ခရီးမရေရာ



မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဖ်တောင်း ဇွန် ၂၁

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၂၉)အဖြစ် ဘရာဇီးနှင့်အိုင်ဗရီကို့စ်တို့ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ ဆော်ကာစီးတီးအားကစားကွင်း၌ ဇွန် ၂၁ ရက်က ယှဉ်ပြိုင်ကစားရာ ဘရာဇီးတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် အိုင်ဗရီကို့စ်တို့ ပြိုင်ပွဲမှ ထွက်ခွာရကိန်း ဆိုက်သွားခဲ့ပြီဖြစ်သည်။

တိုက်စစ်

ဘရာဇီးနည်းပြ ဒွန်ဂါသည် အိုင်ဗရီကို့စ်အား အနိုင်ယူရေးအတွက် တိုက်စစ်တွင် ရော်ဘင်ဟို၊ အီလာနိုတို့ကိုထားပြီး ကွင်းလယ်တိုက်စစ်၌ ကာကာ၊ ဖာဘီရာနို၊ ဆေးလ်ဗား၊ မီလိုတို့ကိုထားရှိကာ အင်အားပြည့် ထိုးဖောက်တိုက်စစ်ဆင်ခဲ့သည်။ အိုင်ဗရီကို့စ်တို့ကလည်း တိုက်စစ်တွင် ဒရော့ဘာ၊ ကာလူးနှင့်ဒင်ဒိန်းတို့ကို စုဖွဲ့ကာ ဘရာဇီးနောက်တန်းကို ထိုးဖောက်ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သည်။

အဖွင့်ဂိုး

ဘရာဇီးအသင်းသည် ပွဲစတင်သည်နှင့် ဂိုးရရှိရေးနေရာစုံမှ ထိုးဖောက်၍ ဂိုးသွင်းနိုင်ရေး အုပ်စုဖွဲ့တိုက်စစ်ဆင်ခဲ့သည်။ အိုင်ဗရီကို့စ် တိုက်စစ်မှူးများကလည်း ဘရာဇီးကစားအားကိုထိန်းကာ လျင်မြန်သော တန်ပြန်တိုက်စစ်ကို အားကိုးခဲ့သည်။ ဘရာဇီးတို့ တည်တည်ငြိမ်ငြိမ် ထိုးဖောက်ကစားခဲ့ရာ ၂၅မိနစ်၌ ကာကာဖန်တီးပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ဖာဘီရာနိုက အပိုင်ကန်သွင်းယူခဲ့သဖြင့် ဘရာဇီးတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ဘရာဇီးအတွက် အဖွင့်ဂိုးကို ဖာဘီယာနို ဤသို့ သွင်းယူပေးခဲ့သည်။

ဒုတိယဂိုး

ဘရာဇီးတို့ အဖွင့်ဂိုးရရှိသွားသဖြင့် အိုင်ဗရီကို့စ်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ဒရော့ဘာ၏ အားပါးသော ကန်သွင်းချက် လွဲချော်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ပထမပိုင်းတွင် ချေပဂိုး မသွင်းနိုင်ခဲ့၍ ဘရာဇီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်းပွဲစတင်သည်နှင့် ဘရာဇီးတို့ ကစားအားတင်ခဲ့ရာမှ မိနစ် ၅၀၌ ဘရာဇီးတိုက်စစ်မှူး ဖာဘီရာနိုကပင် အိုင်ဗရီကို့စ် ဂိုးဧရိယာအတွင်းမှ ဂိုးသွင်းယူလိုက်ပြန်သဖြင့် ဘရာဇီးတို့ ဒုတိယဂိုးရရှိခဲ့သည်။

တတိယဂိုး

အိုင်ဗရီကို့စ်နည်းပြ အဲရစ်ဆင်သည် ကာလူးနှင့် ဒင်ဒိန်းတို့ကို ဘရာဇီး နောက်တန်း အမှားဖြစ်ပေါ်စေရန် ထိုးဖောက်မွှေနှောက်စေခဲ့သော်လည်း ရလဒ်က မပြောင်းလဲနိုင်ဖြစ်ခဲ့ရသည်။ ဘရာဇီးအတွက် တတိယဂိုးကို တိုက်စစ်မှူး အီလာနိုက ၆၂မိနစ်၌ အိုင်ဗရီကို့စ် ဂိုးဧရိယာအတွင်းမှ အနီးကပ်သွင်းယူခဲ့သဖြင့် တတိယဂိုးရရှိခဲ့ပြန်သည်။

အိုင်ဗရီကို့စ်တို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ဘရာဇီးနောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ချေ။ သို့သော် ၇၉ မိနစ်၌ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာက ခေါင်းတိုက်သွင်းယူပေးခဲ့သဖြင့် ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။

အနီကတ်

ဘရာဇီးကွင်းလယ်ကစားသမား ကာကာသည် အဝင်ကြမ်းမှုကြောင့် ၈၅မိနစ်၌ အဝါကတ်ပြသတိပေးခဲ့ရပြီး သုံးမိနစ်အကြာ ပွဲချိန် ၈၈မိနစ်တွင်လည်း ကြမ်းတမ်းစွာကစားမှုကြောင့် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။ ၁၀ဦးတည်းရှိသည့် ဘရာဇီးတို့အပေါ် နောက်ဆုံးပွဲချိန်အထိ ဂိုးသွင်းယူရေး ကြိုးစားခဲ့သော်လည်း အိုင်ဗရီကို့စ်တို့ ရလဒ်မပြောင်းလဲနိုင်ခဲ့ချေ။ ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့၍ ဘရာဇီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရေး ခိုင်မာချက်ရရှိခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

ရေကြည်မြို့နယ် အသုတ်ချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

ရေကြည် ဇွန် ၂၁

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးမျိုးပြန်းတီးမှုကို ကာကွယ်တားဆီးရန် ရည်ရွယ်လျက် ရေကြည်မြို့နယ် အသုတ်ချောင်းအတွင်းသို့ ငါးခုံးမကြီးကောင်ရေ သုံးသိန်း၊ ရွှေဝါငါးကြင်းကောင်ရေ တစ်သိန်း၊ တီလားပီးယားကောင်ရေတစ်သိန်းစုစုပေါင်းငါးသားပေါက်ကောင်ရေ ငါးသိန်း စိုက်ထည့်ခြင်းကို ဇွန် ၁၃ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံလှိုင်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများ၊ တိုင်းငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာ အင်းသားကြီးများနှင့် ရေလုပ်ငန်းရှင်များတက်ရောက်ကြသည်။

(ဝဲအောက်ပုံ) (မြို့နယ်ငါးလုပ်ငန်းဦးစီး)

ကွမ်းလုံမြို့တွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ကျောင်းများ၊ ဈေးများ၊ ရေမြောင်းများ၊ ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အထက်တန်းကျောင်းဝင်းအတွင်း ခြင်ဆေးဖျန်းလုပ်ငန်း ဆောင်ရွက်ရာသို့ ခရိုင် ဥက္ကဋ္ဌ ဦးကျော်သက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(ပြည်နယ်ပြန်/ဆက်)

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း - စုစည်းသည်

ကာပယ်လိုနုတ်ထွက်ရန် အင်္ဂလန်ပရိသတ်များတောင်းဆို

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှစ်ပွဲကစားပြီးချိန်တွင် နှစ်မှတ်သာရထားရာ အုပ်စုတက်ရေးအခက်အခဲနှင့်ရင်ဆိုင်နေရချိန်တွင် အင်္ဂလန် ပရိသတ်များက နည်းပြကာပယ်လိုနုတ်ထွက်ပေးပါရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သို့ တောင်းဆိုခဲ့ကြကြောင်း ဇွန် ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

ကင်မရွန်းနည်းပြနုတ်ထွက်မည်

ကင်မရွန်းအသင်းသည် ၂၀၁၀ကမ္ဘာ့ဖလားပွဲ၌ ဂျပန်ကိုတစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး ဒိန်းမတ်ကိုနှစ်ဂိုး-တစ်ဂိုးဖြင့် ဆက်လက်ရှုံးခဲ့သဖြင့် ကမ္ဘာ့ဖလားပွဲ၌ ထွက်ရမည့်ကိန်းဆိုက်နေမှုကြောင့် ကမ္ဘာ့ဖလားပွဲပြီးပါက နည်းပြအဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ကင်မရွန်းနည်းပြ ပေါလ်လီဂွန်က ဇွန် ၂၁ရက်၌ပြောကြားသည်။

ဥရောပအသင်းများ ကမ္ဘာ့ဖလားမရနိုင်ဟုဆို

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ပါဝင်ယှဉ်ပြိုင်နေကြသော အသင်းများအနက် ဥရောပအသင်းများ ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခြင်းရှိမည်မဟုတ်ကြောင်း ရီရဲမက်ဒရစ်နည်းပြမော်ရင်ဟိုက ဇွန် ၂၁ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ကမ္ဘာ့ဖလားပွဲ၌ ရှုံးပွဲကြုံမှုမေ့မည်မဟုတ်ဟု အီတူးပြောကြား

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပွဲ၌ မိမိတို့ကင်မရွန်းအသင်း နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ရမှုနှင့် ပြိုင်ပွဲမှထွက်ရမည့်အနေအထားဖြစ်ခဲ့ရမှုကို မိမိဘဝ၌ မည်သည့်အခါမျှ မေ့ပျောက်မည်မဟုတ်ဟု အီတူးက သတင်းထောက်များအား ဇွန်၂၁ရက်၌ ပြောကြားသည်။

တင်ကာဟေးပြန်လည်ကစားမည်

ပွဲပယ်ပြစ်ဒဏ်ခံထားရသော သြစတြေးလျတိုက်စစ်မှူး တင်ကာဟေးသည် ဇွန်၂၃ရက်၌ ကစားရမည့် ဆားဗီးယားနှင့်ပွဲ၌ ပြန်လည်ကစားမည်ဖြစ်ကြောင်း သြစတြေးလျအသင်း တာဝန်ရှိသူများက ဇွန် ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

ကာကာအနီကတ်သည်မဖြစ်သင့်ဟု ဒွန်ဂါပြောကြား

အိုင်ဗရီကို့စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲ၌ ကာကာနှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည့်အတွက် မဖြစ်သင့်ကြောင်း၊ ကွင်းလယ်ဒိုင်လူကြီး စတီဖင်လင်နိုင်၏ လုပ်ရပ်သည် သံသယဖြစ်ဖွယ်ကောင်းကြောင်း ဘရာဇီးနည်းပြ ဒွန်ဂါက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ဇွန် ၂၁ရက်၌ပြောကြားသည်။

ဘရာဇီးဗိုလ်စွဲမည်ဟု ပရီမီယာလိဂ်နည်းပြများသုံးသပ်

ဘရာဇီးအသင်း ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အနိုင်ရဗိုလ်စွဲပြီးဖလားဆွတ်ခူးသွားနိုင်ကြောင်း၊ နည်းစနစ်ပိုင်းနှင့် တစ်ဦးချင်းစွမ်းရည်တို့သည် ပြိုင်ဘက်အသင်းများအား အလွယ်တကူဖြတ်ကျော်သွားနိုင်ကြောင်း ပရီမီယာလိဂ်နည်းပြများဖြစ်သည့် ဖာဂူဆန်နှင့် အာစင်ဝင်းဂါးတို့က သုံးသပ်ပြောကြားသည်။

ကမ္ဘာ့ဖလားပရိသတ်အချို့ မူးယစ်ဆေးဝါးသုံးစွဲ

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသော နိုင်ငံတကာမှ ပရိသတ်အချို့သည် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် လက်ဝယ်ထားရှိမှုတို့ကြောင့်ဖမ်းဆီးထားရာ ဇွန် ၂၀ရက်အထိ ၁၅ဦးရှိပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရပ်ကွက်(၁)၊ ဆင်ကူးလမ်း၊ အိမ်အမှတ်(၁၁၄) တွင် ပါတီရုံးချုပ်တည်ရှိသော ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၁-၆-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ



ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဂရင်းပွိုင့်ကွင်းတွင် ဒိုလေးတို့ပေါ်တူဂီအသင်း ဂိုးမိုးရွာခဲ့ ချီလီတို့နောက်တစ်ဆင့်တက်ရောက်နိုင်

မြင့်မောင်စိုး ➤ စုစည်းရေးသားပြီး လှိုင်လှိုင်သင်း(မြန်မာ့အလင်း)စာမျက်နှာဖွဲ့စည်းသည်

ဂျိုဟန်နစ္စဘတ် ဇွန် ၂၁

၂၀၁၀တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၂၁ရက် ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြသည်။ အုပ်စု(ဆ)မှ ပေါ်တူဂီအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့သည် ဂရင်းပွိုင့်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီက ဂိုးမိုးရွာပြီး နောက်တစ်ဆင့်တက်ရန် ခြေလှမ်းပြင်ထားသည်။

ပွဲစသည်နှင့် မြောက်ကိုရီးယားက ပေါ်တူဂီနောက်တန်းကို ထိုးဖောက်ရန် ကြိုးစားသည်။ မြောက်ကိုရီးယားတိုက်စစ်မှူးများ ဂိုးသွင်းခွင့်ရသော်လည်း အခွင့်အရေးကို အမိအရအသုံးမချနိုင်သဖြင့် ဂိုးမရခဲ့ပေ။ ပွဲစပြီး ၂၉မိနစ်အကြာတွင် ပေါလ်မီရီလက်က ပေါ်တူဂီအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ပေါ်တူဂီကစားကွက် ပိုကောင်းလာသည်။ ပေါ်တူဂီတို့ မြောက်ကိုရီးယားနောက်တန်းအားနည်းချက်ကို အခွင့်ကောင်းယူ၍ တိုက်စစ်အရှိန်မြှင့် ကစားခဲ့သည်။ စီမာအို၊ အယ်လ်မိုင်ဒါ၊ လိဒ်ဆွန်နှင့် စီရိုနယ်ဒိုတို့က ပေါ်တူဂီအသင်းအတွက် ခြေစွမ်းပြကစားပြီး တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ တီယာဂိုက ပေါ်တူဂီအသင်းအတွက် တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့သည်။ ပွဲအပြီး ပေါ်တူဂီက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပေါ်တူဂီတို့ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၂၅ရက်တွင် ဘရာဇီးနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပေါ်တူဂီအသင်းအတွက် တီယာဂိုက ဤသို့ ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အုပ်စု(ဆ)အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။	ဘရာဇီး	၂	၂	၀	၀	၆
၂။	ပေါ်တူဂီ	၂	၁	၁	၀	၄
၃။	အိုင်ဗရီကို့စ်	၂	၀	၁	၁	၁
၄။	မြောက်ကိုရီးယား	၂	၀	၀	၂	၀

အုပ်စု(ဇ)မှ ချီလီနှင့် ဆွစ်ဇာလန်တို့သည် မင်ဒဲလားဘေးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ချီလီက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

အနီကတ်

စပိန်ကိုအနိုင်ကစားခဲ့သော ဆွစ်ဇာလန်အသင်းသည် ပွဲစသည်နှင့် အကြိတ်အနယ်ထိုးဖောက်ကစားခဲ့သည်။ သို့သော် ပွဲချိန် ၃၁မိနစ်တွင် ဆွစ်ဇာလန် အသင်းမှ ဘတ်ရာမီ ကြမ်းတမ်းစွာကစားခဲ့သဖြင့် ဒိုင်လူကြီးက တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။ ဤသို့ဖြင့် ချီလီတိုက်စစ်မှူးများ၏ ထိုးဖောက်အား ပိုကောင်းလာသည်။

သွင်းယူ

ပွဲချိန် ၇၅ မိနစ်တွင် မတ်ဂွန်ဇာလက်က ချီလီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ပွဲပြီးသည်အထိ ဆွစ်ဇာလန်တို့ ချေပဂိုးမသွင်းနိုင်၍ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယင်းအနိုင်ပွဲရလိုက်သဖြင့် အုပ်စုကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ချီလီတို့ ဇွန် ၂၅ ရက်တွင် စပိန်နှင့် နောက်ဆုံးအုပ်စုပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(ဇ)အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။	ချီလီ	၂	၂	၀	၀	၆
၂။	ဆွစ်ဇာလန်	၂	၁	၀	၁	၃
၃။	ဟွန်ဒူးရပ်စ်	၁	၀	၀	၁	၀
၄။	စပိန်	၁	၀	၀	၁	၀

ကိုးကား-အင်တာနက်

လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက် ပွဲဦးထွက်ပွဲစဉ်တွင် သရေတစ်မှတ်သာရယူနိုင်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ ဖိုးသော်ဇင်

ရန်ကုန် ဇွန် ၂၁

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁) နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ၄နာရီက သုဝဏ္ဏကွင်း၌ကျင်းပရာ ကမ္ဘောဇနဲ့ ရန်ကုန်ယူနိုက်တက်တို့ ဂိုးမရှိသရေကျသွားပါတယ်။

ကမ္ဘောဇ - ဂိုးမရှိ
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းဟာ အဖွင့်ပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးပြီး သရေတစ်မှတ်သာရယူနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၉ပြိုင်ပွဲတုန်းက ချန်ပီယံဆု ရရှိခဲ့တဲ့အသင်းက ကစားသမားအနည်းငယ်သာ ပြန်လည်ပါဝင်လာပြီး လူငယ်အသင်းအတွက်ရွေးချယ်ထားတဲ့ ကစားသမားအများစုနဲ့ယှဉ်ပြိုင်ခဲ့တာကြောင့် ရန်ကုန်ယူနိုက်တက်အသင်းဟာအကောင်းဆုံးပုံစံမျိုးထုတ်မပြနိုင်ခဲ့ပါဘူး။

အသုံးမချနိုင်

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်အချို့မှာ အသင်းကြီးမှာ ပါဝင်ကစားခဲ့တဲ့ ကစားသမားလေးဦးသာ ပါဝင်ခဲ့တဲ့ ရန်ကုန်အသင်းဟာ ပိုဖိကစားနိုင်ခဲ့ပေမယ့် လူငယ်ကစားသမားတွေရဲ့ အတွေ့အကြုံ နုနယ်မှုကြောင့် ကမ္ဘောဇဘက်ကို အချိန်ပြည့် ဖိအားမပေးနိုင်ခဲ့ပါဘူး။ ဒါ့အပြင် အဆုံးသတ် အားနည်းမှုတွေကြောင့် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲ မရခဲ့တာဖြစ်ပါတယ်။ ၄၁မိနစ်နဲ့ ၆၁မိနစ်မှာ တိုက်စစ်မှူး လွင်ကိုနိုင် အပိုင်ဂိုးသွင်းခွင့်တွေ ရပေမယ့် ရန်ကုန်ယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးအဖြစ် မပြောင်းလဲ နိုင်ခဲ့ပါဘူး။ ပွဲပြီးခါနီးမှာလည်း တိုက်စစ်မှူးကောင်း စည်သူနဲ့ ရွှန်းလချူတို့ ကမ္ဘောဇ ဂိုးသမားရဝေဇင်နဲ့တစ်ယောက်ချင်း ရင်ဆိုင်တွေ့တဲ့ အနေအထားမျိုး ကန်ခွင့်ရပေမယ့် အသုံးမချနိုင်ခဲ့လို့ နိုင်ပွဲမရခဲ့တာဖြစ်ပါတယ်။

ဒုတိယနေရာ

အောင်သန်းဝင်း၊ သူရိန်စိုး၊ ရဝေဇင်၊ နေဝင်းအောင်တို့နဲ့ လူငယ်ကစားသမားအများစုနဲ့ ပွဲထွက်လာတဲ့ ကမ္ဘောဇအသင်းကတော့ အခုပွဲမှာ အကောင်းဆုံး ပုံစံမရခဲ့ပါဘူး။ ရှေ့တန်းမှာ သူရိန်စိုး တစ်ယောက်တည်းနဲ့ အလုပ်မဖြစ်တာကြောင့် ရန်ကုန်ဘက်ကို ထိရောက်တဲ့ တိုက်စစ်ဆင်မှုမျိုး မလုပ်နိုင်ခဲ့ပါဘူး။ပွဲစဉ်(၁) အပြီးမှာ ဂိုးပြတ်အနိုင်ရထားတဲ့ မကွေးအသင်းက အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ဆောက်သမ်းမြန်မာအသင်းကလည်း အနိုင်ရလဒ်နဲ့အတူ ဒုတိယနေရာမှ လိုက်နေပါတယ်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်ယူနိုက်တက်အသင်း၏ ခေါင်းတိုက်ဂိုး သွင်း ရန်ကြိုးပမ်းမှုကို ကမ္ဘောဇ ဂိုးသမား ရဝေဇင်ပုတ် ထုတ်ကာကွယ်စဉ်။

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းအား နေပြည်တော် ဇေယျာသီရိပိမာန်ရှေ့၌ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကျင်းပ

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းအား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ညနေ ၃နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိပိမာန်ရှေ့၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၅ ❐

22-6 (20).pmd 1 6/22/2010, 2:22 AM